# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (3-12-2015) (၈၄၀၃)


### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ

## အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေးနှင့် နိုင်ငံတော်အကြီးအကဲတာဝန်များ စနစ်တကျ တာဝန်လွှဲပြောင်းပေးသည့် အစဉ်အလာကောင်းတစ်ခု ထူထောင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲအောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လွှတ်တော်နိုင်ငံရေးတွင် ပြန်လည်ပါဝင်လာနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးခဲ့ချိန်မှစတင်၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတစွာ ကျင်းပပေးခဲ့မှုများအတွက် နိုင်ငံတော်သမ္မတကြီးအား ကျေးဇူးတင်ရှိသည်ဟု ပြန်လည်ပြောကြားခဲ့သည်။

ထို့အပြင် နောင်ပေါ်ပေါက်လာမည့် အစိုးရကို အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး၊ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ မရှိစေရေး နှစ်ဖက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ယခင်က အစဉ်အလာမရှိခဲ့သေးသည့် နိုင်ငံတော်အကြီးအကဲတာဝန်များ စနစ်တကျ လွှဲပြောင်းပေးသည့် အစဉ်အလာကောင်းတစ်ခု ထူထောင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှ ရွေ့လျားလာသော လေနွေးများနှင့် တရုတ်နိုင်ငံပေါ်မှ ရွေ့လျားလာသော လေအေးများ စုဆုံမှုကြောင့် ဒီဇင်ဘာ ၃ ရက်မှ ၅ရက်အထိ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည် နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**


CIMA Chartered Institute of Management Accountants

Recognition Career Success

CGMA Chartered Global Management Accountant

တိုးတက်ပြောင်းလဲလာသောအနာဂတ်အတွက် "စီမံခန့်ခွဲမှုနှင့် စာရင်းကိုင်ပညာရပ်" ဒီပလိုမာ

Apply before Dec 15, 2015 for Scholarship & Discount

MHR တွင် CIMA တက်ရောက်ခြင်းဖြင့် အလုပ်အကိုင် ရရှိမည်ဖြစ်ပါသည်။

MHR Centre II BUSINESS INSTITUTE

အမှတ်(၂၇)၊ မြေညီထပ်၊ အဆောင်(E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

09-73223 777

09-8628878

ကြေးမုံ စာတည်းရှုထောင့် ၃-၁၂-၂၀၁၅၊ ကြာသပတေးနေ့

# မြန်မာနိုင်ငံပထမ

ကမ္ဘာပေါ်ရှိအဖွဲ့အစည်းအမျိုးမျိုးက နိုင်ငံအသီးသီးတို့၏အခြေအနေအမျိုးမျိုးကို အညွှန်းကိန်းများကောက်ယူ၍ အသိပေးထုတ်ပြန်တတ်ကြသည်။ ယင်းသို့ထုတ်ပြန်ကြရာတွင် ကဏ္ဍအများစုတွင် မြန်မာနိုင်ငံအနေဖြင့် နောက်ဆုံးအဆင့်အုပ်စုတွင် ရောက်နေတတ်သည်။ ယခုအညွှန်းကိန်းကောက်ယူမှုတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အညွှန်းကိန်းနံပါတ်တစ် ထိပ်ဆုံးသို့ရောက်ရှိခဲ့သည်။

ထုတ်ပြန်သမျှ အညွှန်းကိန်းများတွင် မြန်မာနိုင်ငံမှာ နောက်ပိုင်းသို့သာရောက်ရှိလေ့ရှိရာမှ ယခုကဲ့သို့ ထိပ်ဆုံးသို့ရောက်ရှိခဲ့သဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံအဖို့ ဂုဏ်ယူဝင့်ကြွားရတော့မည်ဖြစ်သည်။ ယင်းအညွှန်းကိန်းမှာ "ကမ္ဘာ့ဒါနရက်ရော" အညွှန်းကိန်းဖြစ်သည်။ ယမန်နှစ်က မြန်မာနိုင်ငံက အမေရိကန်နိုင်ငံနှင့် ပူးတွဲပထမရရှိခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံက လွတ်လွတ်ကျွတ်ကျွတ် ပထမရရှိကာ အမေရိကန်နိုင်ငံက ဒုတိယရရှိခဲ့သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို လူအများကိုးကွယ်သည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ဘာသာတရား၏ လမ်းညွှန်ချက်အရ အလှူဒါနပြုခြင်းအမှုကို ကောင်းသောကုသိုလ်အမှုအဖြစ် နေ့စဉ်ပြုလုပ်လေ့ရှိကြသည်။ ဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို မိမိတို့၏နေအိမ်တွင်ပင် နေ့စဉ်ကပ်လှူခြင်း၊ ရဟန်းသံဃာ၊ သီလရှင်များအား နေ့စဉ်ဆွမ်း၊ ဆွမ်းဆန်လောင်းလှူခြင်းအပြင် ဝါတွင်း၊ ဝါပရက်မြတ်များ၌ အသင်းအဖွဲ့များနှင့်စုပေါင်းကာ အထူးလောင်းလှူကြသည်။

ထိုသို့မြင့်မြတ်သောအလှူများအပြင် ပရဟိတအလှူဒါနများကိုလည်း အဆင့်အတန်းမရွေး၊ အချိန်ကာလမရွေး၊ နေရာဒေသမရွေး ကြုံကြိုက်လာတိုင်း မိမိတို့တတ်နိုင်သရွေ့ ရက်ရက်ရောရော လှူဒါန်းကြသည်။ ထိုမျှသာမက မိမိတို့ထက် နိမ့်ကျသော၊ ဆင်းရဲဒုက္ခရောက်ကြသူများကိုလည်း ကြုံလျှင်ကြုံသလို တတ်နိုင်သလောက် လှူဒါန်းကြသည်။ ထို့ထက်မက အိမ်မွေးတိရစ္ဆာန်များအပြင် ကျေးငှက်တိရစ္ဆာန်လေးများကိုလည်း ကျွေးမွေးလှူဒါန်းမှု နေ့စဉ်ပြုလေ့ရှိသည်။

မကြာသေးမီက မြန်မာနိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံဖြစ်ပွားခဲ့ရာ နိုင်ငံတစ်ဝန်းမှပြည်သူများက အဖွဲ့လိုက်သော်လည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကျသော်လည်းကောင်း ရေဘေးသင့်ပြည်သူများအား ရက်ရက်ရောရောလှူဒါန်းကြသည်။ ထိုကဲ့သို့သော လှူဒါန်းမှုစေတနာမျိုးကို မည်သည့်နိုင်ငံတွင်မှမြင်တွေ့ရနိုင်မည် မဟုတ်သဖြင့် မြန်မာနိုင်ငံသည်ဒါနအရာ၌ ပထမရလောက်သည်။

မြန်မာနိုင်ငံသည် ချမ်းသာသောနိုင်ငံမဟုတ်ပါ။ လူမချမ်းသာသော်လည်း စိတ်နှလုံးချမ်းသာစေမည့် အလှူဒါနများကို ပြုလွယ်ကြသူများဖြစ်သည်။ ထိုကဲ့သို့သော ကုသိုလ်ကောင်းမှုပြုသူများအတွက် အကျိုးရလဒ်အားဖြင့် ချမ်းသာသုခရရှိကြမည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံသည် မည်သည့်အနေအထားသို့ရောက်ရှိနေသည်ဖြစ်စေ၊ အခက်အခဲအကျပ်အတည်းများရှိနေသည်ဖြစ်စေ ပြုခဲ့ကြသောအလှူဒါနကောင်းမှုများကြောင့် ဒုက္ခအခက်အခဲများမှ လွန်မြောက်ပြီး ကောင်းကျိုးချမ်းသာများကို ရရှိစေမည်ဟု ယုံကြည်ပါသည်။

မြန်မာတို့၏အစဉ်အလာဓလေ့ဖြစ်သော ရေချမ်းစင်ရေအလှူမျိုးကိုလည်း မည်သည့်နိုင်ငံတွင်မှ တွေ့မြင်ရမည်မဟုတ်ချေ။ မျက်မှောက်ကာလတွင် ရပ်ဓလေ့အနေဖြင့် ခေတ်ကာလအခြေအနေအလျောက် ပါးလျားလာသော်လည်း တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိသေးချေ။ မည်သည့်အခြေအနေရှိရှိ ပြည်သူများအနေဖြင့် အလှူဒါနပြုမှုများကို တိုးတက်ပြုလုပ်လာကြသည်ကို တွေ့ရသည်။

အမေရိကန်၊ နယူးဇီလန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဗြိတိန်၊ နယ်သာလန်နိုင်ငံတို့မှာ ချမ်းသာသောနိုင်ငံဖြစ်၍ ဒါနအရာတွင် အဆင့်မြင့်နေသည်မှာ မဆန်းလှချေ။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံမချမ်းသာသော်လည်း စိတ်အနေအထားတွင် ချမ်းသာသဖြင့် ဤသို့ဒါနကုသိုလ်များ ပြုနိုင်ကြခြင်းဖြစ်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာတရား၏ အဆုံးအမနှင့်အညီ ဒါနအမှုပြုကြရာတွင် ထေရဝါဒနိုင်ငံများအလယ်၌ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ဒါနအရာ၌သူမတူအောင် စွမ်းဆောင်နိုင်သဖြင့် ကမ္ဘာ့ဒါနရက်ရောအညွှန်းကိန်းတွင် မြန်မာနိုင်ငံပထမရထိုက်ပေသည်။ ။

## မန္တလေး၌ မျက်စိအတွင်းတိမ်ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

မန္တလေး ဒီဇင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သော မျက်စိအတွင်းတိမ် အခမဲ့ကုသခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ရက် နံနက် ၉ နာရီက အဆိုပါ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က အမှာစကားပြောကြားကြပြီး မျက်စိအတွင်းတိမ် ဝေဒနာရှင်များကိုယ်စား မျက်စိဝေဒနာရှင်ဒေါ်ခင်စောယု (ကျောက်ဆည်)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ်အဖွဲ့ခေါင်းဆောင်က အလင်းရောင်ခရီးစဉ် လှုပ်ရှားမှုအတွက် ခွဲစိတ်ကုသရေး အသုံးပြုမည့်ဆေးနှင့် ဆေးပစ္စည်းများအား တိုင်းဒေသကြီးလူမှုရေးဝန်ကြီးကိုလည်းကောင်း၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးနှင့် ကြင်းတော်ယန်ပရဟိတအသင်းမှ ဦးဆောင်၍ အလှူရှင် ၂၉ ဦးတို့က စုစုပေါင်း အလှူငွေကျပ် တစ်ရာရှစ်ဆယ့်ရှစ်သိန်းငါးသောင်းကို တာဝန်ရှိသူများကလည်းကောင်း အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိအတွင်းတိမ် အခမဲ့ကုသခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံ အထူးကုဆရာဝန်ကြီးများ၏ နည်းပညာပူးပေါင်းမှုများကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးရှိလာမည်ဖြစ်သည်။

အဆိုပါ မျက်စိအတွင်းတိမ် အခမဲ့ကုသခြင်းကို မြန်မာ-တရုတ် နှစ်နိုင်ငံ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ သုံးကြိမ်မြောက်ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး ယခုအကြိမ်တွင် မျက်စိဝေဒနာရှင် ၂၀၀တို့အား ဒီဇင်ဘာ ၃ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာနိုင်ငံဆရာဝန်အသင်းမှ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်နိုင်ရန် ပုံစံသတ်မှတ်ချက်များ ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ရွေးချယ်ခံကိုယ်စားလှယ်ဆရာဝန်များအနေဖြင့် သတ်မှတ်ထားသောပုံစံနှင့် အရည်အချင်းသတ်မှတ်ချက်များအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ ဆက်သွယ်မေးမြန်း၍ ပုံစံများထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## စပါးဈေးကောင်းပြီး အထွက်နှုန်းနည်းသဖြင့် ယခုနှစ်တွင် စပါးစိုက်တောင်သူများအမြတ်နည်း

ဝန်းသို ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း မိုးစပါးများရိတ်သိမ်းကြပြီဖြစ်၍ နေ့စား အလုပ်သမားများ၊ စပါးရိတ်စက်များ၊ စပါးခြွေလှေ့စက်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိသော်လည်း စပါးစိုက်တောင်သူများမှာ စပါးဈေးကောင်းသော်လည်း စပါးအထွက်နှုန်းနည်း၍ ဝင်ငွေလျော့နည်းကာ အမြတ်နည်းကြကြောင်းသိရသည်။

"ဒီနှစ် ဝန်းသိုမြို့နယ်မှာ ဇူလိုင်နဲ့ ဩဂုတ်လတွေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့လို့ အချို့မိုးစပါး စိုက်ခင်းတွေ ပျက်စီးပြီး ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလက မိုးသည်းထန်စွာ ထပ်မံရွာသွန်းလို့ ဆဲကြီးကွင်း၊ လေဘိုကွင်း၊ မကျီးကုန်းကွင်း၊ ဇီးဖြူပင်ကွင်း၊ အုပ်ဖိုကွင်း၊ စိန်လည်ကွင်း၊ ကြိုင်းခွင်ကွင်း၊ သပြေသာကွင်းစတဲ့ ထွက်လုဆဲစပါးခင်းတွေ ရေလွှမ်းသွားခြင်း၊ ဖုံးကွဲရောဂါဖြစ်ခြင်း၊ နို့ရည်ခဲ့ခါစ ရေဝင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ဇီးဖြူပင်ကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြော သည်။

"ကျွန်တော် လယ်ဧက ၂၀ မှာ ၁၀ ဧကကို တစ်ဧကကျပ်၄၀၀၀၀နဲ့ ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းပြီးပါပြီ။ မနှစ်က တစ်ဧက တင်း ၁၀၀လောက်ထွက်ရှိပါတယ်။ ဒီနှစ် တစ်ဧက ၅၅ တင်းနဲ့ ၆၅ လောက်ထွက်ပါတယ်။ စပါး စိုက်ခင်း တစ်ဧကမှာ မျိုးဖိုး၊ ပျိုးနုတ်ခ၊ ထွန်ယက်ခ၊ ကောက်စိုက်ခ၊ မြေဩဇာဖိုး၊ စပါးရိတ်ခ၊ ခြွေလှေ့ခအစရှိတဲ့ ကုန်ကျစရိတ်များမှာ ပျမ်းမျှငွေကျပ်နှစ်သိန်းကျော်ရှိတဲ့အတွက် ဒီနှစ်တော့အမြတ်နည်းမှာပါ"ဟု ၎င်းက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

❑❑❑

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်(ရွှေဈေး) ၇၄၄၅၀၀ - ၇၄၄၅၀၀၊ မန္တလေး(ရွှေဈေး) ၇၄၄၅၀၀ - ၇၄၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၈၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၃၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၄၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၇.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၄၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁.၄၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃.၇၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးစဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့အား တွေ့ဆုံဆွေးနွေးပြီးနောက် တွေ့ရစဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

## ယှဉ်ပြိုင်မှုဥပဒေ အာဏာတည်သည့်နေ့ သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၉/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

**ယှဉ်ပြိုင်မှုဥပဒေ အာဏာတည်သည့်နေ့ ရက်သတ်မှတ်ခြင်း**

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့သော ယှဉ်ပြိုင်မှုဥပဒေသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းပြောကြားပြီး **(ယာပုံ)**တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**





# ဖွံ့ဖြိုးဆဲနိုင်ငံများ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချရေး ဥရောပလေးနိုင်ငံ အကူအညီပေးမည်




**ပါရီ ဒီဇင်ဘာ ၂**

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ကြီးကြီးမားမား လျှော့ချနိုင်ရန် ရည်ရွယ်လျက် ယင်းနိုင်ငံများအား မက်လုံးပေးနိုင်မည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရန် ဥရောပလေးနိုင်ငံတို့က အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ပေးမည့် အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံပါရီ၌ ကျင်းပလျက်ရှိသော ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံတွင် အဆိုပါ အစီအစဉ်ကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ဂျာမနီ၊ နော်ဝေ၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်ကြသော ဥရောပနိုင်ငံများသည် ကမ္ဘာ့ဘဏ်အုပ်စုနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများ ဆောင်ရွက်သွားမည့် ရာသီဥတုတိုးတက်ရေးလုပ်ငန်းများအတွက် အထောက်အကူပေးမည့် အစီအစဉ်တစ်ရပ်ကို ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေး၊ စွမ်းအင်ကို ထိရောက်စွာအသုံးပြုရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု အလွန်နည်းပါးသော မြို့ကြီးများ ထူထောင်ရေးစသည့် စီမံကိန်းကြီးများ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ ဥရောပလေးနိုင်ငံက အကူအညီပေးမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကာဗွန်ထုတ်လွှတ်မှု နည်းပါးစွာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် မိမိတို့ အကူအညီပေးသွားမည်ဖြစ်ကြောင်း နော်ဝေဝန်ကြီးချုပ် အာနာဆောဘတ်က ပြောကြားသည်။ **ရိုက်တာ။**



# ဖေ့စ်ဘွတ်ရှယ်ယာ ၉၉ ရာခိုင်နှုန်းလှူဒါန်းမည့် မက်ခ် ဇူကာဘာက်

နယူးယောက် ဒီဇင်ဘာ ၂

**ဖေ့စ်ဘွတ် သန်းကြွယ်သူဌေး မက်ခ် ဇူကာဘာက်က ၎င်း၏ဖေ့စ်ဘွတ်ကုမ္ပဏီပိုင် ရှယ်ယာ ၉၉ ရာခိုင်နှုန်း ဒေါ်လာ ၄၅ ဘီလီယံကျော်ခန့်ကို လူမှုအကျိုးပြုလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။**

ဇူကာဘာက်နှင့်ဇနီး ပရစ္စလီယာချန်းက ၎င်းတို့၏ သမီးဦးရတနာလေး မက် မွေးဖွားပြီးနောက် အဆိုပါ လှူဒါန်းမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က ကလေးသူငယ်အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီးနှင့် လူသားတို့၏ အလားအလာကောင်းများတိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာ ၁ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖေ့စ်ဘွတ်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဇူကာဘာက်က ၎င်းနှင့် ဇနီးသည်တို့သည် ကလေးသူငယ်များအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ထောက်ပံ့ကူညီရန် ဖောင်ဒေးရှင်းအသစ်တစ်ခုတည်ထောင်ထားသည်ဟု ဆိုသည်။

ဇူကာဘာက်က လူသားအားလုံးတန်းတူညီမျှခွင့်ရှိရမည်ဟု ယုံကြည်ကြောင်းနှင့် အနာဂတ်မျိုးဆက်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လူ့အဖွဲ့အစည်းက ယနေ့အချိန်အခါတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တာဝန်ရှိသည်ဟု ပြောကြားသည်။

အလှူအတန်းများရက်ရောစွာပြုလုပ်သော ဩဇာတိက္ကမကြီးမားသည့် စီးပွားရေးလုပ်ငန်းရှင်များတွင် ဇူကာဘာက် တစ်ဦးတည်းသာ မဟုတ်ပေ။ မိုက်ခရိုဆော့ဖ်တည်ထောင်သူ ဘီလ်ဂိတ်သည် ဖောင်ဒေးရှင်းတစ်ခုတည်ထောင်၍ အလှူအတန်းများပြုလုပ်နေသကဲ့သို့ နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်ဝါရန် ဘက်ဖက်တ်သည်လည်း ရက်ရောသော ပရဟိတဒါနရှင်တစ်ဦးဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဥရောပနိုင်ငံများသို့ ဒုက္ခသည်များဝင်ရောက်လာမှုသည် ယခင်နှစ်ကထက် လေးဆပိုမိုများပြား

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ယခုနှစ်အတွင်း ဥရောပနိုင်ငံများသို့ ရောက်ရှိလာကြသော အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများအပါအဝင် အခြားသောဒေသများမှ စစ်ဘေးရှောင် ဒုက္ခသည်များ၏ အရေအတွက်သည် ယခင်နှစ် ၂၀၁၄ ခုနှစ်အတွင်း ဝင်ရောက်လာမှုအရေအတွက်ထက် လေးဆပိုမိုများပြားလျက်ရှိကြောင်း အမေရိကန်စစ်ဘေးရှောင် ဒုက္ခသည်များထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီက ဆိုသည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများအပါအဝင် အခြားသောနေရာများမှ စစ်ဘေးရှောင်ဒုက္ခသည်များဝင်ရောက်လာသည့် အရေအတွက်သည် ၈၈၆၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး ပြောရေးဆိုခွင့်ရှိသူ ဝီလီလျံစပင်ဒီလာက ဂျီနီဗာမြို့၌ ဒီဇင်ဘာ ၁ ရက်က မီဒီယာသို့ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း စစ်ဘေးရှောင်ဒုက္ခသည် ၁၄၀၀၀၀ ခန့် ဥရောပနိုင်ငံများသို့ ဝင်ရောက်ခဲ့ကြောင်း နိုဝင်ဘာလထုတ်ပြန်ချက်ကို ကိုးကားပြီး ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ဥရောပနိုင်ငံများသို့ဝင်ရောက်လာသည့် ဒုက္ခသည်များအနက် တစ်ဝက်ကျော်သည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့နှင့် အခြားသောအဖွဲ့အစည်းများက ဆိုသည်။ အချို့ကလေးငယ်များသည် စစ်ပွဲများကြောင့် မိဘများနှင့်ကွဲကွာခဲ့ရပြီး ဦးတည်ရာမဲ့သွားလာနေကြသည်။

ဆောင်းရာသီ ဝင်ရောက်လာသဖြင့် ကလေးငယ်အများစုသည် ဆိုးရွားသော ရာသီဥတုအအေးဒဏ်ကို ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆာရတ်ကရိုးဝီက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**



# အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ရေးအတွက် အမေရိကန်တပ်ဖွဲ့များ အီရတ်၌ ဖြန့်ကြက်ထား

**ဝါရှင်တန် ဒီဇင်ဘာ ၂**

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံအတွင်း အထူးတပ်ဖွဲ့ဝင်များ ဖြန့်ကြက်လျက်ရှိကြောင်း၊ ယင်းသို့ဖြန့်ကြက်ရခြင်းမှာ အိုင်အက်စ်အဖွဲ့၏ ဖမ်းဆီးခံထားရသော ဓားစာခံများ လွတ်မြောက်ရေး၊ အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့၏ ခေါင်းဆောင်များကို ဖမ်းဆီးရေးနှင့် ဆီးရီးယားနိုင်ငံအတွင်း စစ်ရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဒီဇင်ဘာ ၂ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက အသေးစိတ်အချက်အလက် အနည်းငယ်မျှကိုသာ ထုတ်ဖော်ပြောကြားခဲ့သည်။ ယခင်ထုတ်ပြန်ကြေညာချက်အရ အထူးတပ်ဖွဲ့ဝင် ၅၀ သည် ဆီးရီးယားနိုင်ငံတွင်းရှိ အမေရိကန်က ထောက်ခံအားပေးသည့် သူပုန်အဖွဲ့များနှင့် မြေပြင်တွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည်ဟု သိရသည်။ သီးခြားအစီအစဉ်အရ အီရတ်၌အထူးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန် အထူးတပ်ဖွဲ့များသည် အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အီရတ်အစိုးရလုံခြုံရေးတပ်ဖွဲ့များနှင့်လည်းကောင်း၊ ပက်ရှ်မာဂါတပ်ဖွဲ့များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန် အထူးတပ်ဖွဲ့ဝင်ဦးရေမည်မျှအထိကို မည်သည့်ဒေသ၌ ဖြန့်ကြက်လျက်ရှိသည်ကို လတ်တလောရှင်းလင်းစွာ မသိရှိရသေးပေ။ **ရိုက်တာ။**

## တူရကီနိုင်ငံအား စီးပွားရေးအရ ဒဏ်ခတ်ရေး ရုရှားဝန်ကြီးချုပ်အတည်ပြု

**မော်စကို ဒီဇင်ဘာ ၂**

ရုရှားစစ်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရခြင်းအတွက် လက်တုံ့ပြန်သည့်အနေဖြင့် တူရကီနိုင်ငံအား စီးပွားရေးအရ အရေးယူဒဏ်ခတ်မည့် အစီအစဉ်အသေးစိတ်ကို ဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒေ့က အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားအစိုးရက တူရကီနိုင်ငံအား စီးပွားရေးဒဏ်ခတ်မည့် အစီအစဉ်ကို အစိုးရအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစ၍ တူရကီနိုင်ငံထံမှ တင်သွင်းမှုရပ်စဲမည့် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ၏ စာရင်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်မှစ၍ စင်းလုံးငှားလေယာဉ်များ ပျံသန်းမှုကို ပိတ်ပင်ရန်လည်းကောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အရေးကြီးသော စွမ်းအင်စီမံကိန်းလုပ်ငန်းများနှင့် အရေးကြီးသော စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရုရှားဘက်မှ အရေးယူဒဏ်ခတ်ရန် ဖော်ပြထားခြင်းမရှိပေ။ ဆီးရီးယား-တူရကီ နယ်စပ်ဒေသအနီး၌ နိုဝင်ဘာ ၂၄ ရက်က ရုရှားတိုက်လေယာဉ်တစ်စင်းကို တူရကီနိုင်ငံက ပစ်ချခဲ့ပြီးသည့်နောက်ပိုင်း ရုရှားနှင့် တူရကီအကြား တင်းမာမှုမြင့်တက်လျက်ရှိနေစဉ် စီးပွားရေးအရအရေးယူဒဏ်ခတ်မှုအစီအစဉ်ကို ရုရှားအစိုးရအဖွဲ့က အတည်ပြုခြင်းဖြစ်သည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄၈ ဦးကို ပြန်လည်လွှဲပြောင်း

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၄၈ ဦးကို ယနေ့ညနေပိုင်းတွင် တောင်ပြို (လက်ဝဲ) မြို့၌ နှစ်နိုင်ငံ အလံတင် အစည်းအဝေးကျင်းပပြီးနောက် နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းသည့်အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရဲမှူးကြီးမျိုးဆွေ၊ ယာယီဒုတိယရဲမှူးကြီး ကျော်တေဇနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နယ်ခြားစောင့်တပ်ကွပ်ကဲရေးမှူး အမ်အမ်အနီဆူရာမန်နှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မာဘူဘာရာမန်တို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့် တပ်ရင်းအမှတ်(၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အီမရမ်အူလာဆာကာ ဦးဆောင်သည့်အဖွဲ့ထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄၈ ဦးကို လွှဲပြောင်းပေးခဲ့ရာ ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။**(အောက်ပုံ)**

မြန်မာနိုင်ငံအနေဖြင့် ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၇၇၇ ဦးကို ၎င်းတို့၏ မူရင်းနေရပ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခုနစ်ကြိမ်ခွဲ၍ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရန် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ စိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းနှင့် စိစစ်အတည်ပြုပြီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

(၉၅)နှစ်မြောက် အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)



# တောင်ပြိုမှုအား မြန်မာနိုင်ငံမြေလျှင်ကော်မတီက ကွင်းဆင်းစစ်ဆေး၊ ငလျင်နှင့်သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိ

**အင်းတော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်-ဗန်းမောက်ကားလမ်း မိုင်တိုင်အမှတ် (၂၀/၃) အနီးရှိ ကျားခေါင်းတောင်တွင် ဇူလိုင်လအတွင်းက မိုးများစွာရွာသွန်းခဲ့သောကြောင့် တောင်ပြိုမှုဖြစ်ပွားခဲ့ပြီးနောက် တဖြည်းဖြည်းတောင်ပြိုကျမှုများဖြစ်ပွားခဲ့သည်။ နိုဝင်ဘာလတွင်းက ကားလမ်းမှာ ရွေ့လျားမှုမောက်လာပြီး ခရီးသွားပြည်သူများ စိုးရိမ်မှုများဖြစ်ပေါ်နေခြင်းကြောင့် အဆိုပါတောင်ပြိုကျမှုအား မြန်မာနိုင်ငံ မြေလျှင်ကော်မတီမှဒေါက်တာစောငွေခိုင်(တွဲဖက်ပါမောက္ခ၊ ဘူမိဗေဒ)ပုသိမ်တက္ကသိုလ် ဦးဆောင်သော အဖွဲ့ဝင်သုံးဦးနှင့် မြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်းကာ နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံမြေလျှင်ကော်မတီအဖွဲ့တွင် ဒေါက်တာစောငွေခိုင် (တွဲဖက်ပါမောက္ခ၊ ဘူမိဗေဒ)ပုသိမ်တက္ကသိုလ်၊ ဒေါက်တာစိုးမင်း(လက်ထောက်ကထိက၊ဘူမိဗေဒ)တောင်ငူတက္ကသိုလ်နှင့် ဦးစောမြဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဦးကံအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးကျော်သီဟနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ကျားခေါင်းတောင်၊ သက္ကယ်ကျင်းရွာမြောက်ဘက် မဲကြီးချောက်နတ်မဟုတ်ကလေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းမြေတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။**(အောက်ပုံ)**

ကျားခေါင်းတောင်ပြိုမှုမှာ စစ်ကိုင်းပြတ်ရွေ့နှင့် ဆက်စပ်မှုမရှိကြောင်း၊ ငလျင်ဒဏ်ကြောင့်မဟုတ်ဘဲ တောင်မြေအမျိုးအစားမှာ ကျိုးကြေနေသော သဲကျောက်မြေအမျိုးအစားဖြစ်၍ မိုးများစွာရွာသွန်းမှုကြောင့် ရေစုပ်ဝင်မှုအားများပြားလာပြီး အပေါ်ဝိတ်များကာ တောင်ပြိုမှုဖြစ်ပေါ်ခြင်းသာဖြစ်ကြောင်း မြေလျှင်ကော်မတီအဖွဲ့က ပြောကြားသည်။ မြေသားများရွေ့လျားမှုနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် မြေသားများပုံမှန်အဖြစ်တည်ငြိမ်ရန်မှာ ဘယ်အချိန်မှတည်ငြိမ်မည်မသိနိုင်သေးကြောင်း၊ တစ်နှစ်၊ နှစ်နှစ်အချိန် ကြာမြင့်နိုင်ကြောင်း၊ လက်ရှိမြေပြိုရွေ့လျားနေမှုသက်သာစေရန် အပေါ်ဝိတ်များလျှော့ချရန်နှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာစိစစ်ဖို့လိုကြောင်း အဆိုပါအဖွဲ့က အကြံပြုပြောကြားသည်။ အင်းတော်မြို့နယ်အတွင်း ၁၉၄၆ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်များက ပြင်းထန်သော မြေလျှင်များလှုပ်ခတ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း မြန်မာနိုင်ငံ မြေလျှင်မှတ်တမ်းများအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မောင်ချစ်လင်း**



# အဋ္ဌမတန်းနှင့် စတုတ္ထတန်းအတွက် တတ်မြောက်မှုစစ်ဆေးသည့် စာမေးပွဲများကို ပုံမှန်အတိုင်းသာကျင်းပမည်ဖြစ်ပြီး အကြိုစာမေးပွဲများကျင်းပမည်မဟုတ်

**ရန်ကုန် ဒီဇင်ဘာ ၂**

ယခင်ပညာသင်နှစ်များက ကျောင်းသား ကျောင်းသူများ အလေ့အကျင့်ရှိစေရန်ရည်ရွယ်၍ စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့တွင် တတ်မြောက်မှုစစ်ဆေးခြင်းကို ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် ဒီဇင်ဘာလရောက်တိုင်း အကြိုစာမေးပွဲများကျင်းပခဲ့သော်လည်း ယခုပညာသင်နှစ်တွင်မူ ပညာရေးဝန်ကြီးဌာနအနေဖြင့် စစ်ဆေးသွားရန် အစီအစဉ်မရှိကြောင်း သိရသည်။

“ပြင်ပစစ် စာမေးပွဲဖြစ်တာကြောင့် အစမ်းသဘောမျိုးနဲ့ ကလေးတွေအတွေ့အကြုံရအောင် အရင်နှစ်တွေက ဒီဇင်ဘာမှာ စာမေးပွဲလုပ်ဖြစ်တာ။ ဒီနှစ်ကတော့ ပြီးခဲ့နှစ်အတွေ့အကြုံရ ဒီဇင်ဘာမှာ ထပ်လုပ်စရာမလိုတော့ဘူး။ အရင်က လုပ်တယ်ဆိုတာ အတွေ့အကြုံရအောင် အကြိုသဘောမျိုးလုပ်တာ၊ ဒီနှစ်တော့ အကြိုစာမေးပွဲလုပ်ဖို့ မရှိပါဘူး။ မြို့နယ်အလိုက်ကတော့ သူတို့အစီအစဉ်တွေနဲ့သူတို့ဘာသာ လုပ်ကြမှာပါ။ ကျရှုံးတဲ့ကျောင်းသားတွေအတွက် မေလမှာ ပြန်လည်ဖြေဆိုရတဲ့ ကုစားစာမေးပွဲက မနှစ်ကအထိတော့ ရှိပါတယ်။ ဒီနှစ်မှာတော့ အစည်းအဝေးမလုပ်ရသေးလို့ မပြောနိုင်သေးဘူး”ဟု မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စတုတ္ထတန်း၊ အဋ္ဌမတန်း၊ ဒသမတန်းတို့တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသားများ အလေ့အကျင့်ရရန် ဩဂုတ်လတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလအတွက် ကလေးများ၏အရည်အချင်းကို စစ်ဆေးခြင်း၊ အောက်တိုဘာလတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ငါးလအတွင်း သင်ယူပြီး သင်ခန်းစာများကို ပထမနှစ်ဝက်အနေဖြင့် စစ်ဆေးခြင်းနှင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ခုနစ်လအတွင်း သင်ကြားထားသော သင်ခန်းစာများအတွက် တတ်မြောက်မှုစစ်ဆေးခြင်းများကိုသာ ယခု ဒီဇင်ဘာလတွင် ပုံမှန်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ (D) အဆင့်ရဘာသာရပ်များအတွက် မေလတွင် ပြန်လည်ကုစားဖြေဆိုသည့်စနစ်များရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်မူ (D) အဆင့်ရဘာသာရပ်များအတွက် မေလတွင် ပြန်လည်ကုစားဖြေဆိုရန်အတွက် လက်ရှိအချိန်အထိ ညွှန်ကြားထားခြင်းများ မရှိသေးကြောင်း သိရသည်။ ယခင်နှစ်များတွင် စတုတ္ထတန်းကို ခရိုင်အလိုက်၊ အဋ္ဌမတန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာမေးပွဲစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

**(ဝင်းဝင်းမော်)**

# (၈)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင်ရောက်ရန် မသန်စွမ်းအားကစားအဖွဲ့ ပြည်ပထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၈)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ဒုတိယအဖွဲ့ခေါင်းဆောင်) ဒေါ်အေးမြင့် ဦးဆောင်၍ အားကစားနည်းငါးမျိုးမှ ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဘိုစီယာစသည့် အားကစားသမားစုစုပေါင်း ၆၆ ဦးတို့သည် နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က စင်ကာပူလေကြောင်း 8M231/GA9321 လေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အဖွဲ့ခေါင်းဆောင်) ဦးမျိုးမြင့် ဦးဆောင်၍ အားကစားနည်း ခြောက်မျိုးမှဘိုးလင်း၊ ဘောလုံး၊ မြားပစ်၊ အလေးမ၊ ဂိုးလ်ဘောစသည့် အားကစားသမား စုစုပေါင်း ၇၃ ဦးတို့သည် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က စင်ကာပူလေကြောင်း 8M231/GA9321 လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာအုပ်စာပေ

ယောနကဘိုးထောင်



ရန်ကုန်မြို့ ရွှေတိဂုံဘုရား စာအုပ်ဆိုင်တန်းများနှင့် စာအုပ်ဝယ်ယူသူများကို တွေ့ရစဉ်။

**စာအုပ်စာပေ** သည် လူတိုင်းအတွက် အဖိုးတန်ရတနာတစ်ပါး ဖြစ်သည်။ ရှေးခေတ်မြန်မာတို့က ပေရွက်ပေါ်တွင် ကညစ်ဖြင့် စာပေကိုရေးသားသိကုံးခဲ့ကြသည်။ "က-ကညစ်ပေမှာခြစ်"ဟူသော ကျောင်းသုံးအက္ခရာ ဗျည်းကဗျာတွင် ဟိုယခင်က အသုံးပြုခဲ့ဖူးသည်။ ပေရွက်ကို ဆီလူး၍ အသုံးပြုပါက တာရှည်ခံပါသည်။ ဆီမလူးသောပေဖူးလွှာကို ရှေးခေတ်စစ်သည်များ အသုံးပြုခဲ့ကြ၏။ ပုရပိုက်ကို ကံ့ကူဆံဖြင့် ရေးသားရသည်။ ထို့ကြောင့် မြန်မာစကားတွင် ကံ့ကူလက်လှည့် စကားဝေါဟာရရှိခဲ့သည်။ ပေ၊ ပုရပိုက်များတွင် မြန်မာ့ရာဇဝင်သမိုင်းမှတ်တမ်းမော်ကွန်းစသော စာပေများကို စာအုပ်သဖွယ်ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် ရှေးမြန်မာကြီးများက "အလိမ္မာစာမှာရှိ" ဟူ၍ဆိုခဲ့ကြသည်။ သမိုင်းရာဇဝင် အရှည်တည်တံ့စေရန် ရှေးမြန်မာတို့က ကျောက်များပေါ်တွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ အစရှိသော ဘာသာစကားများ ရေးထိုးထားရစ်ခဲ့သည်။

ယနေ့တိုင် မြန်မာ့သမိုင်း လူနေမှုဓလေ့ကို ပေ၊ ပုရပိုက်၊ ကျောက်စာအမျိုးမျိုးတွင် သုံးမကုန် ယူမခန်းနိုင်အောင် ရှိနေတော့၏။ ဤသည်မှာ မြန်မာစာပေ၏သတ္တိထူးဖြစ်သည်။ မြန်မာစာအုပ်စာပေ မြတ်အမွေ အကျိုးကျေးဇူးထူးကြီးဖြစ်သည်။ ယခုခေတ်တွင် စက္ကူပေါ်တွင် ခဲစာလုံးစာစီပုံနှိပ်စက်မှ ကွန်ပျူတာစာစီခေတ်မီစက်ကြီးများဖြင့် ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။ စာအုပ်စာပေခေတ်သည် လူ့လောကအလယ်တွင် ထည်ဝါစွာရှိနေမည်။ စနစ်သစ်နည်းပညာများ အဆင့်မြင့်ပေါ်ပေါက်စီးဝင်လာသည်ဖြစ်စေ စာအုပ်စာပေလောကမှာ ပျောက်ပျက်မသွားနိုင်ပေ။ လူသားတို့ အသိခေတ်နှင့်အတူ ပျော်ဝင်လိုက်ပါတည်ရှိနေပါမည်။

စာအုပ်စာပေဖြစ်လာပုံမှာ ရေးသူ၊ ထုတ်ဝေသူ၊ ဖတ်သူသုံးဦးသည် အဓိကကျသည်။ ရေးသားသီကုံးသူပညာရှင်များသည် ဘာသာရပ်အသီးသီးကို ရေးသားခဲ့ကြသည်။ သုတ၊ ရသ နှစ်ဖြာသောဗဟုသုတများ စီကုံးကြသည်။ ပညာရပ်အမျိုးမျိုး စာကောင်းပေမွန်များကို ပြည်သူလူထုအကျိုးအတွက် မရှိမဖြစ် ဖွဲ့နွဲ့ကြသည်။ သမိုင်း၊ ပထဝီ၊ သိပ္ပံ၊ ဘောဂ၊ သချာ၊ အတတ်အသိပညာလည်း ရောယှက်ပါဝင်နေသည်။

နှလုံးသားဦးနှောက်ဘဝများကို သာဓကတင်၍ ပေါ်ထွက်လာသော စာမူများဖြစ်သည်။ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာ၊ ဆောင်းပါးဝတ္ထုရေးဆရာ စသော စာပေအသိပညာရှင်၊ အတတ်ပညာရှင်တို့ကရေးသားပြုစုပြန်ဆိုကြသည်။ လူတစ်စု၊ တစ်ပါတီ၊ တစ်ဖွဲ့၊ တစ်အုပ်စု၊ တစ်ဂိုဏ်းအတွက်မဟုတ်၊ လူတိုင်းလူတိုင်းအတွက် စာအုပ်စာပေဖြစ်သင့်သည်။ ပြည်သူလူထုထဲတွင် အမှန်ရှာသင့်သည်။ အတ္တ၊ မာန ထူထောင်၍ ရွှေပလ္လင်စံဘုရင်ကြီးပမာ ရေးသားမှုမှာ တစ်ခဏသာဖြစ်သည်။ အမှန်ကိုအမှန်၊ အရှိကိုအရှိအတိုင်းရေးသားခြင်းသည် ပြည်သူချစ်သော အနုပညာဖြစ်ပါမည်။ တစ်ခေတ်တစ်ခဏ တစ်ဘဝအတွက် မရေးမူဘဲ ထာဝရတစ်သက် တစ်ကမ္ဘာအတွက် ဖြစ်သင့်ပါသည်။ မြန်မာဟော့လို့ ဂုဏ်ယူဝင့်ကြွားနေခြင်းထက် ကမ္ဘာထဲက လူသားမြန်မာအဖြစ်ပူးပေါင်းပါဝင်သင့်သည်။

မျိုးချစ် မျက်ကန်းစာပေသည် ပျက်စီးခြင်းကို ဦးတည်လျက်ရှိပါသည်။ ထွက်ပေါ်လာသောစာမူများကို ထုတ်ဝေဖြန့်ချိသူများက ကုန်ကြမ်းမှ ကုန်ချောဖြစ်လာအောင် ထုတ်လုပ်ဖြန့်ချိကြရသည်။ ထုတ်ဝေသူအလုပ်မှာ စာအုပ်မျက်နှာဖုံး၊ ပန်းချီ၊ ဓာတ်ပုံ၊ အရောင်အသွေး အလှအပတို့ကို ပညာရှင်ပန်းချီ၊ ဒီဇိုင်း၊ ကာတွန်း၊ ဓာတ်ပုံတို့ဖြင့် စိတ်ကူးဖြန့်ကြက်နိုင်သလို ပြုလုပ်ကြသည်။ စာဆယ်လုံးရုပ်တစ်ပုံနှင့် ညီမျှသည်ဟုဆိုရိုး ရှိပါသည်။ စာစီစာရိုက်၊ သတ်ပုံတည်းဖြတ်မှုစသောထုတ်ဝေသူများ အလုပ်တာဝန်ပါရှိသည်။ ရေးသူနှင့်ထုတ်ဝေသူတို့ ပူးပေါင်းလုပ်ဆောင်မှုကြောင့် နေ့စဉ်နေ့တိုင်း သတင်းစာ၊ အပတ်စဉ်ဂျာနယ်၊ လစဉ်ထုတ်ဝေမဂ္ဂဇင်းများ ထွက်ပေါ်နေသည်။

ဘာသာရပ်အသီးသီးတွင် သုတ၊ ရသ စာအုပ်များကိုလည်း လူအလွှာစုံအတွက် ပေးအပ်နေကြသည်။ စာအုပ်စာပေစာနယ်ဇင်းများကို ရေးသူနှင့် ထုတ်ဝေဖြန့်ချိသူတို့ တက်ညီလက်ညီလုပ်ဆောင်မှုကြောင့် စာဖတ်သူလက်ဝယ်သို့ ရောက်ရှိသွားတော့သည်။ လူသတင်း လူချင်းဆောင်လျက်၊ ပန်းသတင်း လေညင်းဆောင်လျက်ရှိနေကြ၏။ ထိုအခါတွင် "စာအုပ်စာပေလူ့မိတ်ဆွေ"များ ဖြစ်သွားပါတော့သည်။

စာနယ်ဇင်းတိုင်း ခေတ်သမိုင်းကို ထင်ဟပ်ပြဆိုလျက်ရှိသည်။ မိမိသမိုင်း မရိုင်းမစောင်းမတိမ်းရအောင် စာအုပ်စာပေများက တည့်မတ်ပြုပြင်ပေးပါသည်။ ယနေ့ စာအုပ်စာပေများကိုအချစ်၊ ဘဝ၊ စစ်၊ ရသ၊ သုတ၊ ဂမ္ဘီရ၊ ဗေဒင်၊ ဆေးဝါး၊ ဂါထာ၊ လူမှုဆောင်ရွက်ချက်၊ အလှအပ၊ လူသုံးအချက်အပြုတ်၊ အမယ်စုံလင်စွာဖြင့် လောကလူသားတို့၏ နှလုံးသားနှင့် ဦးနှောက်များဖွံ့ဖြိုးရှင်သန်စေခဲ့သည်။ ထို့ကြောင့် အလိမ္မာစာမှာရှိခဲ့ကြသည်။

စာအုပ်စာပေ ရေးသူထုတ်ဝေဖြန့်ချိသူနှင့် စာဖတ်သူတို့က နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လတိုင်း ဖတ်ကြမှတ်ကြ သိမ်းဆည်းထားကြသည်။ စာအုပ်စာပေတို့ခိုနားရာ စာကြည့်တိုက်များသည် လူတို့၏ မျက်စိ၊ နားများကို အမြင်အကြားမှန်ကန်အောင် လမ်းပြသည်။ ရှေ့ဆောင်သည်။ ဦးစီးချစ်ခင်စေသည်။ ဘဝသစ်အစစ်အမှန်များကို မွေးထုတ်ပေးနေကြသည်။ စာအုပ်စာပေများတွင် လူတို့၏ မျိုးဆက်သစ်များအတွက် ပညာရပ်ဆိုင်ရာ ပထဝီ၊ သိပ္ပံ၊ သမိုင်း၊ သချာ ဘာသာစသည်တို့ကိုလည်း ကုန်ချောရောင်းကုန်အဖြစ် တွေ့ရသည်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံသည် စာပေမြင့်မှသာ လူမျိုးတင့်တယ်လှပနိုင်လိမ့်မည်။ သို့မဟုတ်ပါက စာပေညံ့ဖျင်းနေပါမူ လူမျိုး၊ နိုင်ငံ ဆင်းရဲတွင်းထဲ နစ်နေမည်သာ။

ပုံနှိပ်လုပ်ငန်းများတွင် စာအုပ်စာပေများကို လေ့လာမိသလောက် မြန်မာနိုင်ငံတွင် အောက်လိုင်း၊ အထက်လိုင်းဟူ၍ ခွဲခြားထားသည်။ အောက်လိုင်းစာအုပ်စာပေများကို စက္ကူအညံ့မြန်မာလုပ်စက္ကူများဖြင့်ထုတ်ဝေကြသည်။ အထက်လိုင်း အရည်အသွေးမြင့်များကို စက္ကူသန့်၊ နိုင်ငံခြားစက္ကူများဖြင့် ထုတ်ဝေကြသည်။ အောက်လိုင်းစာအုပ်များကို ရာဂဏန်းမှ ထောင်ဂဏန်းအထိ ငွေကြေးသတ်မှတ်ထားသည်။ အထက်လိုင်း စာအုပ်စာပေများကို ထောင်ဂဏန်းမှ သောင်းကျော်အထိ ငွေကြေးပေးဝယ်ကြရသည်။ စာအုပ်စာပေသည် လူသားတိုင်းအတွက် မရှိမဖြစ်သော ဉာဏ်စိတ်ကူးအာဟာရဖြစ်သည်။ လူမျိုး၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စာအုပ်စာပေထဲတွင်ရှိသော အသိအလိမ္မာစာပေများကို ဖတ်ရှုလေ့လာအသုံးပြုကြရပါမည်။

ယခင်က ပြင်ပထုတ်ဝေမှုစာအုပ်စာပေလုပ်ငန်းနယ်ပယ်တွင် အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းများသာ စာပေစိစစ်ရေးကို ဗဟိုပြုဖြတ်သန်းထုတ်ဝေကြရသည်။ ပွင့်လင်းရာသီ ဒီမိုကရေစီအရှဏ်ဦးတွင် ဂျာနယ်မဂ္ဂဇင်းများသာမက အစိုးရနှင့် ပုဂ္ဂလိကဒွန်တွဲကာ နေ့စဉ်ထုတ်သတင်းစာများ ထွက်ပေါ်လာခဲ့သည်။ နေ့စဉ်ထုတ်သတင်းစာများကြောင့် ဖတ်သူ၊ ဖြန့်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာခဲ့သည်။ ခေတ်မီရုပ်ရှင်၊ ဗီဒီယို၊ သဘင်၊ ဂီတများနှင့်အတူပင် စာအုပ်စာပေများသည် ရောင်းတန်းဝင်လျက်ရှိသည်။ စာအုပ်စာပေဈေးကွက်ထိုးဝင်ပေါက်ထွက်လာခဲ့သည်။

စာအုပ်စာပေနှင့် ပတ်သက်နီးနွယ်ဆက်စပ်နေသော အလုပ်အကိုင်များကြောင့် ယနေ့မြန်မာလူငယ်များ ပခုံးပြောင်းတာဝန်ယူလျက်ရှိကြသည်။ မြေအုတ်များပြိုသော် ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်မည်ဆိုသော စာပေဗိမာန်မဂ္ဂဇင်းဆောင်ပုဒ်အရ ယနေ့လူငယ်တို့ စာပေလုပ်ငန်းများအားရကျေနပ်ဖွယ်ဖြစ်သည်။ စာအုပ်စာပေရေးသူ၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများသည်လည်း လက်ဆင့်ကမ်းအမွေအဖြစ် လူငယ်တို့ လှုံ့လပြုအားထုတ်လျက်ရှိကြသည်။ "ယနေ့လူငယ်နောင်ဝယ်လူကြီး"ဆိုသည့်အတိုင်း စာအုပ်စာပေလုပ်ငန်းကြီး ဖွံ့ဖြိုးစည်ပင်မှုအတွက် အားသစ်ပျိုးရန်လိုအပ်သည်။

အရေး၊ အဖတ် အတတ်ပညာအတွက် သုံးနားညီတြိဂံ ညီညွတ်မျှတနေဖို့ အထူးလိုအပ်သည်။ သို့မှသာ လူမျိုး၊ နိုင်ငံ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်သာယာစည်ပင်မည်။ ပြည်သူလူထုတည်းဟူသော စာဖတ်ခြင်းဓလေ့ကို ရရန်မှာ ဆင်းရဲတွင်းမနစ်ဖို့လိုသည်။ အမှောင်ခွင်း၍ အလင်းဆောင်နိုင်ရမည်။ အမှောင်တွင်း၌ စာဖတ်ခြင်းဓလေ့ ပျက်သုဉ်းနိုင်သည်။ အလင်းအသိတိုးတက်သာယာဖို့အတွက် အူမတောင့်ရမည်။ အူမတောင့်ပါမှ သီလကို လုံခြုံစွာစောင့်နိုင်မည်။ စားဝတ်နေရေးလုပ်ငန်းအစုစု တူညီမျှတ ပြည့်ဝနေမှသာလျှင် စာအုပ်စာပေကိုချစ်ခင်ကြလိမ့်မည်။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲနေသောလောကတွင် ပညာအသိတိုးတက်ဖို့ ဝေးကွာနေလိမ့်မည်။

ဂုအောင်းကျောက်ခေတ်လူသားဘဝအရိုင်းအစိုင်းသို့ ရောက်ရှိသွားနိုင်သည်။ ကြမ်းတမ်းအကျည်းတန်အရုပ်ဆိုး လောကကြီးဖြစ်လာလိမ့်မည်။ ယဉ်ကျေးမှုဂုဏ်အားနည်းချို့တဲ့နိုင်သည်။ အသိအလိမ္မာ ဉာဏ်ပညာကြွယ်ဝမှသာ လူ့အခွင့်အရေးဖြောင့်မတ်တည်ကြည်နိုင်သည်။ အဘယ်သို့ဆိုစေ စာအုပ်စာပေအကျိုးကျေးဇူးကားကြီးမားလျက်ရှိသည်။

စာအုပ်စာပေသည် လူသားလောကအတွက် မရှိမဖြစ်သော လူမှုတာဝန်ကြီးဖြစ်သည်။ စာအုပ်စာပေ အသံကြား၊ ရုပ်မြင်ရုံမျှဖြင့် ဇနီးသက်ထား သမီးသားတို့ အလိမ္မာအလင်းဖြစ်လာမည်။ အမိုက်အမှောင်ဘဝမှ အလင်းဝင်မှ မွေးကြူနိုင်လိမ့်မည်။ စာအုပ်စာပေကား ကြီးကျယ်ခမ်းနားလှပါသည်။ လူနှင့်လူသားစကားပြောသည့်အခါတွင် စာအုပ်စာပေပညာရှိက နိုင်ငံတကာလွှမ်းမိုးနိုင်လိမ့်မည်။ စာအုပ်စာပေအလှဂုဏ်ရည်လောက လူ့ရွာတွင် တစ်ခဏမဟုတ်၊ တစ်ဘဝထာဝရအသိဖြစ်သည်။ သမိုင်းဆိုတာ မအအောင်လို့ဆိုသော ဒေါက်တာသန်းထွန်း၏ စကားကို အလေးဂရုပြုသင့်သည်။ စာပေပညာရှင်တိုင်းသည် လူ့သမိုင်းတွင် ရာပြည့်ထောင်ပြည့်အထိ ဂုဏ်ဝင့်နေသင့်သည်။ လူမသေခင် နာမည်သေနေလျှင် စာအုပ်စာပေလောက ခေတ်ကြီးမကောင်းနိုင်ပါ။ ကျွန်တော်ငယ်စဉ်က စာအုပ်စာပေ ကဗျာလေးကို သတိရမိသည်။ ထိုကဗျာလေးသည် သန့်စင်စွာ ရင်တွင်းက စီးဆင်းလာသော လူ့ဘဝဒဿနဖြစ်သည်။

**စာအုပ်စာပေ**

*** စာဖတ်ပါမှ၊ အသိရ၍**

**သုခချမ်းသာ၊ ဖန်တီးရာတွင်**

**များစွာထောက်ကူဖြစ်မည်ဟူ၏။ ။**

အတွေးစမှ အရေးလှစေသော စာအုပ်စာပေသည် ဘဝခရီးပန်းတိုင်ဖြစ်သည်။ ထိုဘဝခရီးပန်းတိုင် စာအုပ်စာပေများသည် ပညာပြည့်ဝနှလုံးလှစေမည်ဖြစ်သည်။ စာအုပ်စာပေကို လူသားမျိုးနွယ်တိုင်း တန်ဖိုးထားလေးစားသင့်သည်။

**နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လက်မှတ်ရေးထိုးရန်ကိစ္စ ၂ ခု ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော **ရေယာဉ်များကြောင့်ဖြစ်ပွားသော ပတ်ဝန်းကျင်ညစ်ညမ်းမှုကြိုတင်ကာကွယ်ခြင်းဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲများတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က အဆိုပါနောက်ဆက်တွဲကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ ထုပ်ပိုးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ ရေယာဉ်များမှစွန့်ထုတ်သည့် ရေဆိုး၊ အညစ်အကြေးနှင့်အမှိုက်များ ပင်လယ်ပြင်သို့ မရောက်ရှိအောင် ကာကွယ်တားဆီးထားခြင်း ရှိ၊ မရှိ ရေယာဉ်များအားစစ်ဆေးပြီး အသိအမှတ်ပြု လက်မှတ်များထုတ်ပေးနိုင်ခြင်း၊ မိမိနိုင်ငံမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်များကိုလည်း အခြားသောနိုင်ငံများက အသိအမှတ်ပြုခြင်း၊ အညစ်အကြေး၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းများသတ်မှတ်ခြင်း၊ အဆိုပါစည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှုမရှိပါက အရေးယူနိုင်ခြင်း၊ မိမိပိုင်ရေပြင်နှင့် ဆိပ်ကမ်းများသို့ ဝင်ရောက်လာသော နိုင်ငံခြားသင်္ဘောများအား ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိကြောင်း တွေ့ရှိရပါက အရေးယူပိုင်ခွင့်ရှိခြင်း၊ အထူးဧရိယာအတွင်းရှိ ဆိပ်ကမ်းများတွင် သင်္ဘောများအား ကူညီထောက်ပံ့နိုင်ရန်စီမံထားရှိခြင်း၊ သိပ္ပံနှင့်နည်းပညာများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခြားသောအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ လိုအပ်သောအကြံဉာဏ်နှင့် အထောက်အပံ့များရယူနိုင်ခြင်း၊ မြန်မာပိုင်နက်ပင်လယ်ပြင်တွင် ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေခြင်းတို့မှ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **ပေကျင်းကနဦးစာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်က ထောက်ခံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (၄)နိုင်ငံ ဒေသတွင်းအစိုးရများ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၊ ကုန်သွယ်ရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ ဒေသတွင်းဆက်နွယ်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာခေါင်းစဉ်များ၊ မြို့များ၊ မြို့တော်များ ဆက်သွယ်ရေးဆိုင်ရာခေါင်းစဉ်များကို ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စအား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပေကျင်းကနဦးစာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ လွှတ်တော်က အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ အစီရင်ခံစာနှစ်ခုတင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်ပြီး အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ ယင်းနောက် အစည်းအဝေး သတ္တမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။



ဒေါက်တာဝင်းမြင့်။



ဦးသက်လွင်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ သဘောထားကွဲလွဲမှုများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

အမျိုးသားလွှတ်တော်အစည်းအဝေး

## နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးက ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်။



ဒေါက်တာ မြတ်ဉာဏစိုး။

ယင်းနောက် **နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြန်လည်ဖတ်ကြားတင်သွင်းပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် **နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်း**ကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုနိုင်ရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၉ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော် ကလေးရောဂါအထူးကုဆေးရုံကြီး ဖွင့်ပွဲကျင်းပ ပြည်သူလူထုကို မိသားစုသဖွယ်ခံယူပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ဖွင့်လှစ်သည့် ကလေးရောဂါအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဒေါ်နွဲ့နွဲ့ဦးတို့က ကလေးရောဂါအထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကလေးရောဂါအထူးကုဆေးရုံကြီး ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် ၊ နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခဒေါက်တာပိုင်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က ဆေးရုံကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံခန်းမအတွင်း၌ ဆရာဝန်၊ သူနာပြုများ ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် နေပြည်တော်၌ ယခုကဲ့သို့ ကလေးအထူးကုဆေးရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ဆက်နွှယ်သူများအတွက် မင်္ဂလာရှိသည့်နေ့ဟုဆိုရမည်ဖြစ်ပါကြောင်း၊ ယခင်က နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံအတွင်း ကလေးကုသရေးဌာနအနေဖြင့်သာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုကဲ့သို့ ကလေးရောဂါ အထူးကုဆေးရုံ ဖွင့်လှစ်နိုင်ပြီး ကလေးရောဂါကို သီးသီးသန့်သန့် ကုသပေးနိုင်မည်ဖြစ်သည့်အတွက် (၅)နှစ်အောက်နှင့် အရွယ်မရောက်သေးသော ကလေးများတွင် အဖြစ်များလေ့ရှိသည့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ သွေးရောဂါနှင့် အသည်းရောဂါ အစရှိသည်များကို ပိုမိုထိထိရောက်ရောက် ကုသမှုပေးနိုင်မည်ဖြစ်သည့်အပြင် နောက်ဆက်တွဲဖြစ်သည့် နာတာရှည်၊ မသန်စွမ်းမှုနှင့် သေဆုံးမှုများကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ နှစ်စဉ်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ ယခုအစိုးရစတင်တာဝန်ယူစဉ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ်မှာ ငွေကျပ် ၈၆ ဒသမ ၅၈၂ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇၅၃ ဘီလီယံ ကျော်ဖြစ်၍ ၈ ဒသမ ၇ ဆတိုးမြှင့်သုံးစွဲလာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

ယခုကဲ့သို့ တိုးမြှင့်သုံးစွဲသည့် ရန်ပုံငွေထဲတွင် လိုအပ်သည့် ဆေးရုံဆေးခန်းအဆောက်အအုံများ၊ ဆရာဝန်၊ သူနာပြုကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းကိရိယာများ၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာနှင့် လူမှုစီးပွားဘဝလိုအပ်ချက်များကို တတ်အားသရွေ့ပံ့ပိုးဆောင်ရွက်နိုင်ပြီဖြစ်၍ တိုးတက်သည့် အခြေအနေတစ်ခု ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ကလေးအထူးကုဆေးရုံကိုလည်း အခြားဆေးရုံများနည်းတူ လိုအပ်သည့်အဆင့်မြင့်စက်ကိရိယာများထားရှိပြီး ကုသမှုအရည်အသွေးမြင့်မားလာစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဆေးရုံကြီး ရေရှည်တိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုအပ်ပါကြောင်း။

ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကလေးရောဂါအထူးကုဆေးရုံတစ်ရုံ ထပ်မံဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပြီး ယခုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ အားလုံးကလည်း ပြည်သူလူထုကို မိသားစုသဖွယ်ခံယူပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၌ ခုတင် (၅၅၀)ဆံ့ကလေးဆေးရုံကြီး တစ်ရုံ၊ ဒဂုံမြို့နယ်၌ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတစ်ရုံ၊ မန္တလေးမြို့တွင် ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီးနှင့် ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတစ်ရုံတို့ ဖွင့်လှစ်ထားပြီး ယခုဖွင့်လှစ်သည့် နေပြည်တော် ကလေးဆေးရုံကြီးအပါအဝင် စုစုပေါင်း ကလေးရောဂါအထူးကု ဆေးရုံကြီး ငါးရုံ ရှိလာပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေနဲ့ ထူးခြားတဲ့ ဗီယက်နမ်- မြန်မာ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးတော့မည်

"ကျွန်မကို မြန်မာနိုင်ငံက ရုပ်ရှင်ရိုက်ကူးဖို့ ဖိတ်ကြားတော့ အလွန်ဝမ်းသာမိပါတယ်။ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးကို အရှည်တည်တံ့စေသလိုကျွန်မကိုချစ်တဲ့ မြန်မာပရိသတ်ကြီးနဲ့လည်း တွေ့ဆုံခွင့်ရခဲ့တဲ့အတွက် ဖိတ်ကြားခဲ့တဲ့ Media7ကို ကျေးဇူးတင်ပါတယ်။ မြန်မာလူမျိုးတွေက အလွန် ခင်မင်ဖွယ်ကောင်းပြီး နွေးထွေးမှုလည်းရခဲ့ပါတယ်။ ဖေဖော်ဝါရီမှာ ကျွန်မပြန်လာပြီး ဇာတ်ကားကို စတင်ရိုက်ကူးမှာပါ။ ကျွန်မကို ချစ်တဲ့ အားပေးနေတဲ့ မြန်မာ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်လို့ပြောပါရစေ"ဟု ဗီယက်နမ်အလှမယ်မင်းသမီး ငုရင်ထရန်ဟုရန်မေက ဒီဇင်ဘာ ၂ ရက်က တော်ဝင်ဂါးဒန်းဟိုတယ်၌ ပြုလုပ်ခဲ့သော အနုပညာမိတ်ဆက်အခမ်းအနား၌ ပြောသည်။

ငုရင်သည် ဗီယက်နမ်နိုင်ငံ၏ Miss Universe Vietnam 2014 တွင် 1st runner up ဆုရရှိထားသူ တစ်ဦးဖြစ်သည်။ လူမှုကွန်ရက်စာမျက်နှာတွင် အလှဓာတ်ပုံများကြောင့်မြန်မာပရိသတ်များ၏ ချစ်ခင်အားပေးမှုကို ရယူနိုင်ခဲ့သူဖြစ်သည်။

"ကျွန်တော် ၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်ဇာတ်ကားရိုက်ကူးမယ်ဆိုတော့ ပရိသတ်အတွက် တစ်မူထူးခြား ကွဲထွက်နေတဲ့ ဇာတ်လမ်းမျိုးကိုပြသပေးချင်တော့ ဖေ့စ်ဘွတ်မှာ ဒီကောင်မလေးရဲ့ သတင်းတွေဓာတ်ပုံတွေကို တွေ့တယ်။ ရုပ်ရှင်ကြည့်တဲ့ ၁၀ ယောက်မှာ ခုနစ်ယောက်က ဖေ့စ်ဘွတ်သုံးတဲ့သူတွေ ဖြစ်တာကြောင့် သူတို့ချစ်ခင်နှစ်သက်တဲ့ ဗီယက်နမ်မင်းသမီးကို သူတို့အားပေးတဲ့ အနုပညာရှင်ကိုနေတိုးနဲ့ တွဲဖက်လိုက်တော့ ဈေးကွက်အရလည်း ကျွန်တော့်အတွက် ကောင်းသလို ပရိသတ်အတွက်လည်း ထူးခြားတဲ့ ပုံစံကို ပြရာရောက်တဲ့အတွက် သူ့ကို အခုလိုဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါတယ်" ဟု Media7 မှ ဥက္ကဋ္ဌ ဦးဝေမင်းမောင်က ပြောသည်။

အကယ်ဒမီနေတိုးက "ကျွန်တော့်အတွက် ဒီဇာတ်ကားက အမှတ်တရဖြစ်စေပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဇာတ်လမ်းလေးဖြစ်နိုင်သလို ပရဟိတကို အခြေခံထားတဲ့ အချစ်ဇာတ်လမ်းလည်း ဖြစ်နိုင်ပါတယ်။ အခု ကျွန်တော်တို့ ရွေးချယ်နေပါတယ်။ အရင်ကလည်း ထိုင်းမင်းသမီးနဲ့ရိုက်ဖူးခဲ့တော့ အခုဗီယက်နမ်မင်းသမီးနဲ့လည်း အခက်အခဲ မရှိနိုင်ပါဘူး"ဟု ပြောသည်။

အဆိုပါဇာတ်ကားကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းကို မြန်မာ-ထိုင်းမှ ဒါရိုက်တာ၊ ဓာတ်ပုံသမားများဖြင့် တစ်လကြာ ရိုက်ကူးသွားမည်ဟု သိရသည်။ ယင်းဇာတ်ကားကို ၂၀၁၇ ခုနှစ်တွင် ရုံတင်ပြသနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။Media 7 မှ ထုတ်လုပ်ထားသော မော်ကျောက်စာ၊ ဝိညာဉ်စိမ်း ရုပ်ရှင်ဇာတ်လမ်းများကို ၂၀၁၆ခုနှစ်တွင်ရုံတင်ပြသမည်ဖြစ်သည်။ **သတင်း-ခင်ဇာလီ**

## မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည့် နိုင်ငံတကာကလပ်ပြိုင်ပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၁၆ ရာသီ အာရှချန်ပီယံလိဂ် ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့ကို မြန်မာကလပ်အသင်းများယှဉ်ပြိုင်ခွင့်ရရှိထားပြီး ယင်းပြိုင်ပွဲများအတွက် မဲခွဲပွဲကို ဒီဇင်ဘာ ၁၀ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည်ဖြစ်သည်။

လာမည့် ၂၀၁၆ ရာသီတွင် မြန်မာကလပ်အသင်းများမှာ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ၌ တစ်သင်း၊ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၌ တစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ရှုံးနိမ့်သည့်အသင်းမှာ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၌ ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲအကြို ခြေစစ်ပွဲကို MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်း၊ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်ကို ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံ ရောဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ အကြိုခြေစစ်ပွဲအဆင့်တွင် အာဆီယံဒေသတွင်း ကလပ်အသင်းများနှင့် တွေ့ဆုံနိုင်သော်လည်း Play-off ခြေစစ်ပွဲအဆင့်တွင် ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်ကလပ်အသင်းများနှင့် တွေ့ဆုံနိုင်ရာ အုပ်စုအဆင့်တက်ရောက်နိုင်ရန် ဖြစ်နိုင်ခြေနည်းပါးနေသည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲကို ၂၀၁၂ ရာသီက စတင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ရန်ကုန်၊ ရောဝတီ၊ နေပြည်တော်နှင့် ရတနာပုံအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။ မြန်မာကလပ်အသင်းများမှာ နောက်ပိုင်းနှစ်များတွင် အုပ်စုအဆင့်ကို ကျော်လွန်နိုင်လာသော်လည်း ရှုံး/ထွက်အဆင့်ထက် မပိုသေးရာ အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများစွာ ပြုလုပ်ရန် လိုအပ်နေသည်။ AFC Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြန်မာကလပ်အသင်းများအနေဖြင့် ကစားသမားကောင်းများ ပိုင်ဆိုင်နိုင်မှု၊ ငွေကြေးသုံးစွဲနိုင်မှု၊ ပရိုကလပ်အသင်းတစ်သင်းကဲ့သို့ လည်ပတ်နိုင်မှု စသည့်အချက်များရှိရန် လိုအပ်နေသော်လည်း ဝင်ငွေမရှိသေးသည့် မြန်မာကလပ်အသင်းများမှာ အသင်းပိုင်ရှင်တစ်ဦးတည်း၏ ငွေကြေးစိုက်ထုတ်မှုနှင့် ဆောင်ရွက်နေရရာ အခြားနိုင်ငံများ၏ ကလပ်အသင်းများကို မီနိုင်အောင်မလွယ်ကူသေးပေ။

မြန်မာ ကလပ်အသင်းများမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၅ ရာသီတွင် စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရတနာပုံအသင်းမှာ အကြိုခြေစစ်ပွဲ ပထမ အဆင့်မှ ထွက်ခဲ့ရသည်။ **[ ရှိုင်းထက်ဇော်]**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်တွင် တည်ဆောက်ထားသည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ရှေးဦးစွာ သူနာပြုသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံဝင်းအတွင်းရှိ အဆိုပါသင်တန်းကျောင်းပရဝဏ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဒေါ်နွဲ့နွဲ့ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက သူနာပြုသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် သူနာပြုသင်တန်းကျောင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း ၊ သရုပ်ပြခန်းများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဆိုပါ ဆေးရုံဝင်းအတွင်းရှိ သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဒေါ်နွဲ့နွဲ့ဦးတို့က သားဖွားသင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက သားဖွားသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် သားဖွားသင်တန်းကျောင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် သရုပ်ပြခန်းများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တက်ရောက်လာကြသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံခန်းမအတွင်း၌ ဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့သည် ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုနှင့် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သူနာပြုသားဖွားနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စိတ်ရောကိုယ်ပါ ကျန်းမာရေး ပြည့်စုံရန်အတွက် မရှိမဖြစ် လိုအပ်နေသူများ ဖြစ်ကြပါကြောင်း။

သူနာပြုများအနေဖြင့် ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် လက်တွဲပြီး ကုသရေးတွင် ပို၍ပါဝင်စောင့်ရှောက်ကြရသကဲ့သို့ ကာကွယ်ရေးတွင်လည်း ပါဝင်ရပါကြောင်း၊ ထို့အတူ သားဖွားများသည် ပင်မတာဝန်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်ကို ပြုစုစောင့်ရှောက်ရင်း ကျန်းမာသန်စွမ်းသည့် ကလေးများ ဘေးအန္တရာယ်ကင်းရှင်းစွာ မွေးဖွားနိုင်ရေးအတွက် တာဝန်ယူရသကဲ့သို့ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင်လည်း အထူးလိုအပ်သူများဖြစ်ပါကြောင်း။

လူဦးရေသန်း ၅၀ ကျော်ရှိသည့် မြန်မာနိုင်ငံတွင် သူနာပြုသင်တန်းကျောင်းအသီးသီးက မွေးထုတ်ပေးခဲ့သည့် သူနာပြုစုစုပေါင်းမှာ ၃၃၇၀၉ ဦးရှိသည့်အနက် လက်ရှိအစိုးရဌာနများ၌ တာဝန်ထမ်းဆောင်သူ ၁၈၄၅၁ ဦးရှိသဖြင့် လူဦးရေအချိုးနှင့် တွက်လျှင် သူနာပြုတစ်ဦးသည် လူပေါင်း ၂၇၂၀ ဦးကို ပြုစုစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ သားဖွားသင်တန်းကျောင်းမှ မွေးထုတ်ပေးခဲ့သည့် သားဖွားစုစုပေါင်းမှာ ၂၂၉၉၉ ဦးဖြစ်ပြီး အစိုးရဌာနများ၌ တာဝန်ထမ်းဆောင်သူ ၁၁၄၀၂ ဦးရှိသဖြင့် သားဖွားတစ်ဦးသည် လူပေါင်း ၄၄၀၄ ဦးကို စောင့်ရှောက်ရမည်ကို ယေဘုယျအားဖြင့် တွေ့ရှိရပါကြောင်း။

ASEAN နိုင်ငံများအတွင်း လူဦးရေနှင့် သူနာပြု၊ သားဖွားအချိုးကို နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် သူနာပြုသားဖွားနည်းသည့် နိုင်ငံအုပ်စုထဲတွင် ပါဝင်နေပါကြောင်း၊ ASEAN နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန် နှစ်မျိုးစလုံး၏ အရေအတွက်၊ အရည်အသွေးများမြှင့်တင်ပေးရန်အရေးတကြီး လိုအပ်နေလျက်ရှိသည့်သူနာပြု၊ သားဖွားသင်တန်းကျောင်းများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့ကြီးပြကြီးများတွင် သူနာပြုများ လိုအပ်ချက်ကြီးမားသကဲ့သို့ လူဦးရေ အများဆုံးနေထိုင်ကြသည့် ကျေးလက်ဒေသများတွင်လည်း သားဖွားများ လိုအပ်ချက်ကြီးမားပါကြောင်း၊ လက်ရှိမွေးထုတ်ပေးသည့် အခြေအနေနှင့် နောင်အနာဂတ်တွင် လိုအပ်သည့် သားဖွားများအရေအတွက်အရ မည်သို့မျှ မလုံလောက်နိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအစီအစဉ်ဖြင့် အရန်သားဖွားများ လေ့ကျင့်မွေးထုတ်ပေးခြင်းသည်လည်း ကျေးလက်ပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းမှ ပိုမိုကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုပြည့်စုံအောင် တစ်နှစ်အောက်မှ ငါးနှစ်အောက် သားသည်မိခင်သေဆုံးမှု ကျဆင်းလာစေရန်၊ ကျေးလက်နေပြည်သူများ အခြေခံကျန်းမာရေးရရှိနိုင်စေရန်၊ အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ကျန်းမာရေးစံချိန်စံညွှန်းများနှင့် ပြည့်မီစေရန်၊ လိုအပ်လျက်ရှိသည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို ဘက်ပေါင်းစုံမှ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း မိမိ၏စေတနာ၊ နွေးထွေး ကြင်နာမှုများနှင့်အတူ စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ဆင်းရဲချမ်းသာမရွေး ပြုစုစောင့်ရှောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာမှ ချီးမြှင့်သည့်ဆုဖြစ်သည့် Florence Nightingale ကဲ့သို့ဆုမျိုးရရှိသည်အထိ စွမ်းဆောင်နိုင်ကြစေလိုပါကြောင်း။

ယင်းနောက် သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းများမှ တာဝန်ရှိသူများက ဒုတိယသမ္မတအား သင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အရေအတွက်စုစုပေါင်းသည် ယခင် ၄၆ ကျောင်းရှိခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အပါအဝင် ယခုအခါ ကျောင်းပေါင်း ၅၀ အထိ ရှိလာပြီဖြစ်သည်။

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပင်လောင်း | ၆ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၈ | ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချိန်းရွာနိုင်သည်။ (ကြေးမုံ)

# မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**သန်လျင် ဒီဇင်ဘာ ၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အနက် ချောင်းစောက်ကျေးရွာတွင် စိုက်ပျိုးရေး ၂၂၆ ဦး၊ မွေးမြူရေး ၄၇ ဦး၊ ရေလုပ်ငန်း နှစ်ဦး၊ အရောင်းအဝယ် ၁၁ ဦး၊ အသက်မွေးဝမ်းကျောင်း ၂၄ ဦး စုစုပေါင်း လုပ်ငန်းအသီးသီးအတွက် လူဦးရေ ၃၀၀ အား အဆိုပါ ချေးငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သန်လျင်ကျေးလက်)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက နှစ်စဉ်ကြီးမှူးကျင်းပမြဲဖြစ်သော သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါ သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေများကို လူပုဂ္ဂိုလ်၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ လာရောက်လှူဒါန်းလျက်ရှိရာ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၅ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

စေတနာရှင်ပြည်သူများအနေဖြင့် ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း ဖုန်း ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေကျပ်တစ်သိန်းနှင့်အထက် အလှူငွေများကို အဆိုပါအလှူငွေ ပေးအပ်ပွဲတွင် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ အမှတ်စဉ် (၁၂)ပါ ချေးငွေကျပ်ဘီလီယံ (၄၃၉. ၈၈)တွင် သမဝါယမနှင့် ပြင်ပတစ်လအတိုးကျသင့်ငွေကွာခြားချက်ဇယား (ပြည်သူများအတွက် သက်သာမှု) ဇယားအောက်ရှင်းတမ်း၌ တစ်လအတိုး ကျပ် (၅၀၅၈. ၅၈၃)သာ ပေးရသဖြင့် (အစား) ကျပ်သိန်း (၅၀၅၈. ၅၈၃)သာ ပေးရသဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သမဝါယမဝန်ကြီးဌာန**

# ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပြုလုပ်ပေးနိုင်ရန် ခုတင်(၁၅၀၀)ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၂**

ခုတင်(၁၅၀၀)ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြည်သူတို့၏ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာမှ ခုတင်(၂၀၀၀)ဆံ့ ဆေးရုံကြီးအဖြစ် နိုဝင်ဘာနောက်ဆုံးပတ်အတွင်းက အဆင့်တိုးမြှင့်သတ်မှတ်ခဲ့သည်။

"ဆေးရုံကြီးကို အဆင့်မြှင့်တင်မှုအနေနဲ့ အဆောက်အအုံတွေ တိုးချဲ့ပြင်ဆင်ဆောက်လုပ်ခဲ့တယ်။ လိုအပ်တဲ့ အဆင့်မီစက်ကိရိယာတွေနဲ့ ဆေးဝါးဖြည့်တင်းမှုတွေကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ခဲ့လို့ ခုတင်(၁၅၀၀)ဆံ့ဆေးရုံကနေ ခုတင်(၂၀၀၀) ဆံ့ဆေးရုံကြီးအဖြစ် အစိုးရက တရားဝင်သတ်မှတ်ပေးလိုက်ပါပြီ။ မကြာခင်မှာ ဆရာဝန်အင်အားနဲ့ လိုအပ်တဲ့ဖြည့်ဆည်းမှုတွေကို သက်ဆိုင်ရာက စီစဉ်ပေးသွားမှာဖြစ်လို့ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုပြီးလုပ်ပေးသွားနိုင်မှာပါ"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

အစိုးရအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်အတွက် ဆေးရုံဆေးခန်းများကို အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်ခန့်ထားပေးခြင်း၊ လိုအပ်သောစက်ကိရိယာများကို ဖြည့်ဆည်းပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ပြည်သူလူထု အားကိုးအားထားရာဆေးရုံဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခုတင်(၁၅၀၀) ဆံ့ဆေးရုံကြီးအဖြစ်မှ ခုတင်(၂၀၀၀) ဆံ့ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့သည်။



အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၀၄၉၁ ဒသမ ၈၄၇၅ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၉၁၇၂ ဒသမ ၆၆၂၃၉ သိန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၃၉၄၉၇ အထိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက်သုံးစွဲခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စက်ပစ္စည်းများဝယ်ယူဖြည့်တင်းရန် တန်ဖိုးငွေကျပ်သိန်း ၁၅၆၂၃၀ ဒသမ ၆၁ သုံးစွဲခဲ့ပြီး လူနာများအား အခမဲ့ကုသမှုပေးနိုင်ရန်အတွက် ဆေးနှင့်ဓာတ်ဆေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းမှုကုန်ကျငွေကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲခဲ့သည်။

အဆိုပါဆေးရုံကြီး၌ ၂၀၁၂ ခုနှစ်တွင် အတွင်းလူနာ ငါးသောင်းဝန်းကျင်သာ တက်ရောက်ခဲ့ကြသော်လည်း တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ရာ ၂၀၁၄ ခုနှစ်တွင် အတွင်းလူနာ ခြောက်သောင်းကျော်အထိ တက်ရောက်၍ ဆေးကုသမှုခံယူခဲ့သည်။ ယခုအခါ အရေးပေါ်ကုသမှုဌာနသို့ နေ့စဉ်ပျမ်းမျှလူနာ ၂၅၀ မှ ၅၀၀ ခန့် လာရောက်လေ့ရှိပြီး အတွင်းလူနာများအဖြစ် တက်ရောက်ကုသမှု ပိုမိုများပြားလာခဲ့ခြင်းကြောင့် ပါမောက္ခအထူးကုဆရာဝန် ၅၈ ဦး၊ အထူးကုဆရာဝန် ၂၈ ဦး၊ လက်ထောက်ဆရာဝန် ၁၉၂ ဦး၊ အခြားအဆင့်အရာရှိ ၁၉ ဦး၊ အထက်တန်းသူနာပြု ၃၁ ဦး၊ သူနာပြု ၃၈၇ ဦးတို့နှင့်အတူ ကျွမ်းကျင်ဝန်ထမ်းများ၊ အကူသူနာပြုများ၊ အခြေခံအလုပ်သမားဝန်ထမ်းများ အပါအဝင် ၁၇၇၆ ဦးတို့က ဆေးဝါးကုသမှုအပိုင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

သတင်း-ဇော်ကြီး(ပကိတ)
ဓာတ်ပုံ-ဖေဇော်

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၂/၂၀၁၅) ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ကြီးမှူးဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားဌာန ဝန်ထမ်းများအားလုံး အရည်အသွေးများနှင့် လုပ်ရည်ကိုင်ရည်များတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤသင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ မဏ္ဍိုင်ကြီး သုံးရပ်အနက် တရားစီရင်ရေးမဏ္ဍိုင်မယိမ်းယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် အောင်မြင်ဖြစ်ထွန်းလာစေရန်အတွက် တရားသူကြီးများသာမက တရားရုံးဝန်ထမ်းများပါ ကိုယ်ကျင့်တရားကောင်းမွန်ပြီး လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေး အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တရားရုံးဝန်ထမ်းများသည် ရိုးသားဖြောင့်မတ်ပြီး အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်စေရေး နေထိုင်ကျင့်ကြံကြရန်၊ မကောင်းသည့် အပြုအမူ၊ အကျင့်စရိုက်များကို ဖယ်ရှားပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားကို သယ်ပိုးတတ်သည့် ဝန်ထမ်းကောင်းများဖြစ်စေရန်၊ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနှင့် အဂတိတရားလေးပါး ကင်းရှင်းစွာဆောင်ရွက်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး အရည်အချင်းပြည့်စုံသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ဘွဲ့/ဒီဂရီ/ဒီပလိုမာသင်တန်းသို့ ပညာသင်လေးဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၂၉၈ ဦး စုစုပေါင်းပညာသင် ၃၀၂ ဦးကို ပြည်ပနိုင်ငံ ၂၀ သို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုဝင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

အတွေးအမြင် | ရှာထွဋ်ဦး

# ငယ်စဉ်ဘဝ ဆော့ကစားခဲ့သော ပုံရိပ်များ

လွန်ခဲ့သော ဆယ်စုနှစ်ငါးခုနီးပါး အချိန်ကာလ မွေးရပ်မြေ မအူပင်မြို့နယ် ကျွဲထုံးရွာ မူလတန်းကျောင်းမှာ ကျောက်သင်ပုန်းပေါ် ကျောက်တံနဲ့ ဝလုံးလေးတွေ စရေးဖူးသည်။ ဆရာမမြေဖြူနဲ့အမှတ်ခြစ်ပေးလိုက်တာကို မပျက်အောင်ကျောက်သင်ပုန်းကိုလွယ်အိတ်ထဲမထည့်ဘဲ လက်ကကိုင်ပြီး ယုံကြည်မှုအပြည့်နဲ့ အိမ်ကိုအပြေးပြန်ချိန် ကျောင်းဘေးပတ်ပတ်လည်ရှိ ဝါးရုံပင်များတွင် တွဲလောင်းခိုလျက်ရှိသော စာဘူးတောင်းအသိုက်လေးများက လေထဲတွင် ယိမ်းနွဲ့နေသည်။

တက္ကသိုလ်ကျောင်းသားအရွယ်မှာ ရင်ကိုအေးမြစေခဲ့သော သနပ်ခါးရနံ့၊ အဓိပတိလမ်းမနဲ့ သစ်ပုပ်ပင်အိုတို့က တတိယအရွယ်၏ အာရုံကိုလွှမ်းခြုံနိုင်စွမ်းမရှိတော့။ ဒါပေမယ့် ရွာမှ စပါးနယ်ပြီးစ တလင်းနှင့် ကုက္ကိုပင်အိုရိပ်ကြီးကို အခုအချိန်အထိ မျက်စိထဲမြင်ယောင်နေမိသည်။ ခြေတံရှည် မူလတန်းကျောင်းပေါ်မှ လှမ်းကြည့်လိုက်လျှင် မျက်စိတဆုံးမြင်နေရတဲ့ လယ်ကွင်းထဲမှ တံလျှပ်တို့က တရိပ်ရိပ်။ ငယ်ဘဝကတော့ တံလျှပ်ကိုရေထင်တာတို့၊ ရွှေသမင်အလိုက်မှားတာတို့မသိ။ လယ်ကွင်းအဝေးမှ လျှောက်လာသူတွေရဲ့ပုံရိပ်တွေလှုပ်တုတ်တုတ်၊ ဝေဝေဝါးဝါးမြင်နေရတာကိုကြည့်ပြီး ပျော်စရာဖြစ်မိသည်။ တလင်းပြောင်ပြောင်ညီညီမှာ ကျောင်းသားကလေးငယ်တစ်သိုက် တစ်ယောက်ခါး တစ်ယောက်ဖက်ကာ အတွဲလိုက်ကြီးစုပေါင်းယိမ်းနွဲ့ကာ အပူအပင်ကင်းစွာ ဆော့ကစားနေကြသည်။ ကလေးတို့ရယ်သံများ၊ ဟန်ဆောင်မှုကင်းတဲ့ ပျော်ရွှင်မှုများ၊ သူတို့ရဲ့ ဆံရစ်ဝိုင်း၊ ယောင်ပေစူး၊ နားကပ်တွဲလောင်းတွေနဲ့ တချို့ဆို ငယ်သွားကျိုးပြီးသွားမရှိ။ အဲဒီတုန်းက ကျွန်တော်လည်း ငယ်သွားနှစ်ချောင်းကျိုးခါစ။ "ရှူး"ဆိုတဲ့အသံကြီးနဲ့အတူ ကလေးတွေအတွဲလိုက်ရယ်မော၊ အော်ဟစ်ပြေးလွှားနေပုံက ကျွန်တော်ကျောင်းပေါ်မှ ပြေးဆင်းပြီး နောက်ဆုံးကလေးရဲ့ခါးကိုတွဲဖက်ကာ သူတို့နဲ့အတူစိမ့်ဝင် ယိမ်းနွဲ့ဆော့ကစားရာတွင် ပါဝင်သွားစေခဲ့ပြီ။ ကုက္ကိုပင်အိုကြီးရဲ့ အေးမြတဲ့အရိပ်မှာတော့ လင်းမြွေကြီးတစ်ကောင် ပိုပြီးအသက်ဝင်သွားသလို ခံစားခဲ့ရသည်။

ကျွန်တော်တို့ကလေးငယ်များ မြွေကြီးလင်းမြွေကစားနည်းကစားတဲ့အခါ ရှေ့ဆုံးမှခေါင်သူကြီးသည် မြွေ၏ ဦးခေါင်းပမာထားပြီး တစ်ယောက်နှင့်တစ်ယောက် ကြီးစဉ်ငယ်လိုက်ဖြင့် ခါးကိုကိုင်ကာ ဆက်တွဲထားရသည်။ ချိတ်ဆက်ထားသော ကလေးအတန်းကြီးက မြွေ၏ကိုယ်နှင့် အမြီးလိုယိမ်းနွဲ့ကာ လှုပ်ကြရတော့သည်။

ထိပ်ဆုံးမှခေါင်သူကြီးက မြွေကြီးတစ်ကောင်ရဲ့တွန်သံလို "ရှူး"ဟု အော်ဟစ်ကာ လက်ချောင်းလေးများကို မြွေဦးခေါင်းလိုစုအုပ်ပြီး သူ့ရဲ့ ဝဲဘက် သို့မဟုတ် ညာဘက်ကနေ နောက်ဆုံးလူ ကျွန်တော်ရှိရာကို ပေါက်ဟန်ဖြင့် လိုက်ထိပေတော့သည်။ နောက်တန်းလူများက မြွေဦးခေါင်းလှည့်သည့်ဘက်နှင့် ဆန့်ကျင်ရာ လွတ်အောင်ရှောင်ပြီး ဘေးသို့ရမ်းကြသည်။ လူအတန်းလိုက်၊ အတွဲကြီးခါးတွဲထားတာ မဖြုတ်စေရဘဲ ဝဲ၊ ယာရှောင်တိမ်းရသည်မှာ လွတ်လပ်ပျော်ရွှင်စရာဖြစ်တော့သည်။ "ရှူး" ဟု အော်လိုက်တိုင်း နောက်မှ ကျွန်တော်တို့ကလေးတစ်သိုက် ကွေ့ရှောင်ကြရာမှ ခေါင်သူကြီးကို ဝိုင်းပတ်မိသလိုလည်းဖြစ်ခဲ့သည်။

မြွေခေါင်းကြီး ခေါင်သူကြီးလည်း လှုပ်၍မရ၊ လှည့်၍မရ၊ အမြီးနောက်ဆုံးမှကျွန်တော့်ကိုလည်း လှမ်းပေါက်၍မမီတော့။ ကျွန်တော်တို့ ကလေးတစ်သိုက် မြွေကြီးလင်းမြွေကစားရာမှ တစ်စုတည်း ကလေးအုပ်ကြီးပြန်ဖြစ်သွားပြန်သည်။ အဲဒီအချိန်က ရယ်မော၊ အော်ဟစ်၊ ဆူညံသံများက ကုက္ကိုပင်အိုရိပ်ကြီးအောက် တလင်းပြင်မှသည် လယ်ကွင်းပြင်အဆုံးမဲ့ဆီသို့ အပြစ်ကင်းစွာပျံ့လွင့်သွားခဲ့သည်။ ခုအချိန်မှာတော့ အပြစ်ကင်းသောရယ်မောသံများ ကလေးဘဝကစားခဲ့တုန်းက ရယ်မောခဲ့သလို ပျံ့လွင့်နိုင်ဦးမလားဆိုတာ မစဉ်းစားချင်တော့ပြီ။

မိုးဦးကျ မိုးစက်ကလေးများကြောင့် ကိုက္ကိုပင်အိုကြီးကိုင်းညွတ်ကျလာတဲ့အချိန်မှာ ကျွန်တော် ကုက္ကိုပင်အကိုင်းများကို တွဲလောင်းခိုစီးဆော့ကစားဖူးသည်။ ကျွန်တော်တို့ကလေးတစ်သိုက် လေးငါးခါခိုစီးတဲ့အခါ မိုးရေစက်တို့လည်း သစ်ပင်ပေါ်မှပြုတ်ကျသွားသည်မို့ ကုက္ကိုပင်ကိုင်းတွေအပေါ်ကို မြောက်မြောက်တက်သွားသည့်အခါ အပင်ကိုင်းတွေကိုလှမ်းခို၍မရတော့။ အဲဒီအချိန်မှာ ကျွန်တော်တို့လည်း ဆော့ကစားရတာ မောလုနီးပါး။ တခြားကစားနည်းပြောင်းဆော့တဲ့အခါ အမောတို့ဘယ်ရောက်သွားသလဲဆိုတာတော့ မသိ။ နွေရာသီကာလ ကုက္ကိုရွက် ဝါ၊ နီ၊ ညိုအရောင်စုံတို့ လေတိုက်တိုင်းကြွေကျလာတာကိုလည်း တစ်စစီခြွေပြီးဆော့ဖူးသည်။ ကုက္ကိုပင်သီးတောင့်တွေကို ထုရိုက်ကာ ကုက္ကိုသီးစေ့ကလေးများနဲ့လည်း ဇယ်တောက်တမ်းကစားခဲ့ဖူးသည်။ နိုင်လည်းပျော်၊ ရှုံးလည်း ပျော်ရွှင်စွာ ဆော့ကစားခဲ့သော ငယ်စဉ်ဘဝပုံရိပ်များကို မေ့၍မရနိုင်ဖြစ်တော့သည်။ ။

# ယခုနှစ် ပြင်ဦးလွင်မြို့သို့ လည်ပတ်သူအများစု နောင်ချိုမြို့ ဂုတ်ထိပ်တံတားလေ့လာရေးခရီးသစ်သို့ သွားလာမှုများလာ



သတင်း- မျိုးဝင်းထွန်း(မုံရွာ)
ဓာတ်ပုံ-အင်တာနက်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂**

ယခုနှစ် ကထိန်ရာသီတွင် မုံရွာမြို့မှ ပြင်ဦးလွင်မြို့အနီး ဘုန်းတော်ကြီးကျောင်းများသို့ တန်ဆောင်တိုင် မီးပုံးပျံပွဲသွားရင်း ကထိန်အလှူကို ပြုလုပ်ကြရာ ခရီးစဉ်သစ်အဖြစ် နောင်ချိုမြို့အနီး သဘာဝအလှများဖြင့် တည်ရှိနေသော ဂုတ်ထိပ်တံတားကြီးသို့ သွားရောက်လေ့လာမှုများကြောင်း သိရသည်။

နောင်ချိုမြို့အနီးတွင် တည်ရှိသော ဂုတ်ထိပ်တံတားရှုခင်းကိုခံစားရင်း မကြာမီက ခွင့်ပြုထားသော တံတားကြီးပေါ် တက်ရောက်လေ့လာမှုများလည်း ပြုလုပ်ကြသလို နောင်ချိုမြို့မှ ဂုတ်ထိပ်တံတားသီးသန့်လေ့လာနိုင်ရန် လူ ၂၀ ဆံ့ ရထားဖြင့် ပို့ဆောင်ဝန်ဆောင်မှုပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ဝန်ဆောင်မှုပြုရာတွင် ခရီးသွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် လူဦးရေ ၂၀ ပြည့်မှ ဂုတ်ထိပ်တံတားလေ့လာခြင်းခရီးကို နောင်ချိုမြို့မှ ထွက်ခွာပေးခြင်းဖြစ်သည်။

"ပြင်ဦးလွင်ကနေ နောင်ချိုကို ကားလမ်းကောင်းတာကြောင့် ခဏပဲသွားရပါတယ်။ ဂုတ်ထိပ်တံတားကိုတော့ ခြေကျင်အနည်းငယ်သွားရင် ရောက်ပါတယ်။ အရင်က တံတားပေါ်တက် လမ်းလျှောက်လေ့လာခွင့်မပြုပါဘူး။ ခွင့်ပြုတာ မကြာသေးတော့ ဂုတ်ထိပ်ပေါ်လမ်းလျှောက်ပြီး ရှုခင်းကြည့်ချင်တဲ့သူတွေ များလာတာ တွေ့ရပါတယ်။ အရသာကတော့ ရှုခင်းက အလွန်လှတာရော မြင့်မားလှတဲ့တံတားကြီးပေါ် အသည်းတအေးအေး သွားရတာတွေဟာ ခံစားမှုအသစ်ကို ရရှိစေတာ အမှန်ပါ။ ဒါပေမယ့် တံတားကြီးပေါ် လမ်းလျှောက်သွားရတာ ကြောက်တတ်သူတွေ၊ နှလုံးမကောင်းတဲ့သူတွေအတွက် မကောင်းပါဘူး။ လမ်းလျှောက်မသွားဘဲ နောင်ချိုကနေ တံတားအတွက် သီးသန့်ပြေးပေးတဲ့ရထားကို စောင့်စီးတာအကောင်းဆုံးပါပဲ"ဟု မုံရွာမြို့မှ ပြင်ဦးလွင်တွင် ကထိန်ခင်းအလှူပြုရင်း ဂုတ်ထိပ်တံတားလေ့လာခဲ့သူ လူငယ်တစ်ဦးက ပြောသည်။

ကထိန်ရာသီ တန်ဆောင်မုန်းလပြည့်ဝန်းကျင်က မုံရွာမြို့မှ တောင်ကြီးမြို့တန်ဆောင်တိုင် မီးပုံးပျံပွဲနှင့် ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲများသို့အနယ်နယ်အရပ်ရပ်မှလာရောက်မှုများပြားပြီး မုံရွာမြို့မှလည်း သွားလာမှုများပြားခဲ့ရာ လူ ၃၀ ကျော်ဆံ့ မှန်လုံခရီးသည်တင်ယာဉ်တစ်စီး ကျပ်တစ်သိန်းဖြင့် ကိုယ့်ဆီကိုယ်ထည့်အစီအစဉ်ဖြင့် အငှားလိုက်များခဲ့ကြောင်း သိရသည်။ ထို့ပြင် ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်မြို့ ကန်တော်ကြီး အမျိုးသားဥယျာဉ်ကြီးအတွင်း ပန်းပွဲတော်ကို ကျင်းပတော့မည်ဖြစ်ရာ ဆောင်းရာသီ၏ အအေးဆုံးလဖြစ်သောကြောင့် အအေးသက်သာစေမည့် မှန်လုံယာဉ်အကြီးအသေးများ အငှားသွက်ဦးမည်မှာ သေချာကြောင်း၊ ကြိုတင်ငှားထားသူများ များပြားခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

## လုပ်အားခ ဈေးကောင်းပေးငှားရမ်းလာမှုကြောင့် ပန်းရန်နေ့စားအလုပ်သမားများ ဝင်ငွေကောင်းပြီး အဆင်ပြေ

**သာစည် ဒီဇင်ဘာ ၂**

မြို့ပြတွင်သာမက ကျေးလက်ဒေသများအထိပါ လူနေအဆောက်အအုံများ ဆောက်လုပ်ရာတွင် အုတ်တက်အဆောက်အအုံများသာ အဓိကထား ဆောက်လုပ်လာမှုများကြောင့် ပန်းရန်နေ့စားအလုပ်သမားများ အလုပ်အကိုင်ရရှိသည့်အပြင် လုပ်အားခဈေးကောင်းပေး၍ ငှားရမ်းလာမှုတို့ကြောင့် ပန်းရန်နေ့စားအလုပ်သမားများ ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နိုင်ငံတော်အစိုးရမှ လုပ်ငန်းစဉ်(၈)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် အဆောက်အအုံများကို ဝါးထရံ၊ သက်ငယ်မိုးအဆင့်မှ အုတ်နံကပ်၊ သွပ်မိုးအဆောက်အအုံများ ဆောက်လုပ်လာကြသည်။

အဆောက်အအုံများဆောက်လုပ်ရာတွင် ပန်းရန်တကောင်းကိုင်များက ဆောက်လုပ်မည့်အဆောက်အအုံအပေါ် မူတည်ပြီး ပန်းရန်အလုပ်သမားခကို တွက်ချက်၍ အပြတ်လုပ်ကိုင်ကြသည်။ ပန်းရန်တကောင်းကိုင်ဆရာများက ပန်းရန်ကျွမ်းကျင်အလုပ်သမားများ၊ ပန်းရန်နောက်လိုက်အလုပ်သမားများကို လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ ဈေးကောင်းပေးကာ တစ်ဆင့်ငှားရမ်းလုပ်ကိုင်ကြကြောင်း သိရသည်။

"ပန်းရန်အလုပ်သမားငှားရမ်းမှုမှာ အုတ်စီ၊ အချောကိုင်ကျွမ်းကျင်အလုပ်သမားတစ်ဦးကို တစ်ရက်လျှင် ငွေကျပ် ၇၀၀၀ နှုန်း၊ ပန်းရန်နောက်လိုက် အလုပ်သမားကျွမ်းကျင်ပါက တစ်ဦးကိုတစ်ရက် ငွေကျပ် ၅၀၀၀ နှုန်း၊ ပန်းရန်နောက်လိုက် မကျွမ်းကျင်သေးပါက တစ်ဦးကို တစ်ရက် ငွေကျပ် ၄၀၀၀ နှုန်းပေး၍ ငှားရမ်းရပါတယ်။ အလုပ်ချိန်ကိုတော့ နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ လုပ်ကိုင်ပေးရပါတယ်။ မြို့ပေါ်ရပ်ကွက်တွေသာမက ကျေးရွာတွေအထိ အဆောက်အအုံဆောက်လုပ်မှု များပြားလာတဲ့အတွက် ပန်းရန်အလုပ်သမားတွေ ရက်ပျက်မရှိ နေ့စဉ်လုပ်ကိုင်ကြရပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ပန်းရန်နေ့စားအလုပ်သမားတွေကို လုပ်အားခဈေးကောင်းပေး၍ ငှားရမ်းလာမှုကြောင့် ပန်းရန်လုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိပါတယ်"ဟု သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာမှ ပန်းရန်အလုပ်သမားတစ်ဦးက ပြောသည်။

**မျိုးမင်း(သာစည်)**

## ပိုလီယိုကာကွယ်ရေး အသိပေးရှင်းလင်းပွဲ ဆင်ပေါင်ဝဲမြို့၌ ကျင်းပ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆောင်တွင် ပိုလီယိုကာကွယ်ရေး (ထိုးဆေး)အသစ် ထည့်သွင်းထိုးနှံခြင်းအစီအစဉ် အသိပေးရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာ နိုင်လင်းဗိုလ်က ပိုလီယိုရောဂါအကြောင်းနှင့် ပိုလီယိုကာကွယ်ဆေးထိုးဆေးအသစ် (IPV) ထည့်သွင်းထိုးနှံခြင်းအစီအစဉ်အား ရှင်းလင်းပြောကြားခဲ့သည်။

ဒီဇင်ဘာလအတွင်း အသက် (၁၄)ပတ်မှ (၁၆)ပတ်အရွယ်ကလေးများအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ရာ ကလေးငယ်များအားလုံး ကာကွယ်ဆေးများ မပျက်မကွက်ထိုးနှံကြရန် လိုကြောင်းနှင့် အခမ်းအနားသို့ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ထန်းလျက်ဈေးကောင်းသော်လည်း ထန်းတက်တောင်သူများ ရှားပါးလာ

**မလှိုင် ဒီဇင်ဘာ ၂**

မလှိုင်မြို့နယ်သည် မြို့ပေါ် လေးရပ်ကွက်၊ ကျေးရွာအုပ် ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာ၊ လူဦးရေ နှစ်သိန်းဝန်းကျင်ခန့် နေထိုင်ကြပြီး ဒေသခံကျေးလက်ပြည်သူများသည် တောင်ယာ သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။ မလှိုင်မြို့နယ်သည် အထက်အညာဒေသဖြစ်ပြီး ထန်းပင် (ခေါ်)ပဒေသာပင်များ ပေါများစွာ စိုက်ပျိုးကြကာ ထန်းပင်မှထွက်ရှိသော ထန်းရည်ချိုမှတစ်ဆင့် ထန်းလျက်ပြုလုပ်တင်ပို့ရောင်းချခဲ့သော်လည်း ယခုအခါ ထန်းလျက်ဈေးကောင်းသော်လည်း ထန်းတက်သူများ ရှားပါးလာသည်ဟု သိရသည်။

"ထန်းလျက်ပေါ်ချိန်ဟာ ပြာသိုလမှာ ပေါ်တာပါ။ ထန်းပင်တစ်ပင်ဟာ တစ်နှစ်ကို သုံးသီး သီးပါတယ်။ တစ်သီးကို ထန်းပင်အလိုက် ထန်းလျက်အချိန် ပိဿာ ၃၀ လောက်ရပါတယ်။ ထန်းတက်သမားတစ်ဦးကို ထန်းတက်ခ တစ်ပင်ကို ထန်းလျက် သုံးပိဿာပေးရပါတယ်။ အရင်နှစ်က ထန်းလျက်ဈေး တစ်ပိဿာ ကျပ် ၅၀၀ ရှိသော်လည်း အခုနှစ် တစ်ပိဿာ ကျပ် ၁၀၀၀ ကျော်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ကျေးရွာမှာ ထန်းပင်တက်သူ ရှားပါးနေတာကြောင့် အခက်အခဲများဖြစ်ပေါ်ရပါတယ်"ဟု မလှိုင်မြို့နယ် မုံပင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**




## အမှိုက်များနှင့်ပြည့်နှက်နေပြီး တိမ်ကောလာသောချောင်းကို ပြန်လည်တူးဖော်ပေးရန် ပြည်သူများဆန္ဒရှိနေ

**သုဝဏ္ဏဝတီ ဒီဇင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ သိမ်ဆိပ်ရပ်ကွက်နှင့် ကျိုက္ကော်ရပ်ကွက်တို့ကို ဖြတ်သန်းစီးဆင်းနေသော ချောင်းသည် ပြည်သူတချို့၏ မဆင်မခြင်အမှိုက်များစွန့်ပစ်နေမှုများကြောင့်လည်းကောင်း၊ တချို့သော လူနေအိမ်များသည် ချောင်းအတွင်း ကျူးကျော်တိုးချဲ့လာသည့်အတွက်ကြောင့် လည်းကောင်း၊ ချောင်းသည် တဖြည်းဖြည်းကျဉ်းမြောင်းတိမ်ကောလာရာ မိုးရာသီ၌မိုးများသည့် အချိန်တိုင်း ရေစီးရေလာရေဆွဲအားမကောင်းတော့သည့်အတွက်ကြောင့်လည်းကောင်း သုဝဏ္ဏဝတီမြို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ အဆိုပါချောင်းကို ဒေသခံပြည်သူများက ပြန်လည်တူးဖော်ရန်ဆန္ဒရှိနေကြပြီး လွန်ခဲ့သည့်နှစ်က ချောင်းတူးဖော်ရန် ရန်ပုံငွေများချထားပေး၍ ဆောင်ရွက်မည်ဟု ပြည်သူများကြားသိရသော်လည်း ယခုအထိ အကောင်အထည်ဖော်မဆောင်ရွက်နိုင်သေးပေ။

အဆိုပါချောင်းသည် သုဝဏ္ဏဝတီမြို့မဈေးဘေးမှ ဖြတ်သန်းစီးဆင်းနေသဖြင့် အမှိုက်များနှင့် အမြင်မသင့်တော်၍ မြို့ပြအင်္ဂါရပ်နှင့် အညီ သာယာလှပစည်းကမ်းရှိသော မြို့တစ်မြို့ဖြစ်လာအောင် ချောင်းအတွင်း အမှိုက်များကို မဆင်မခြင် စွန့်ပစ်သူများ၊ ချောင်းအတွင်း ကျူးကျော်တိုးချဲ့နေထိုင်ကြသူများအား အသိပညာပေးဆောင်ရွက်ပေးစေလိုပြီး ယခုပွင့်လင်းရာသီအတွင်း ချောင်းတူးဖော်မှုကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးပါရန်နှင့် ရေလွှမ်းမိုးမှုမရှိစေရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၁၂ -၂၀၁၅ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ကြေးမုံရိပ်သွင်တေးနုယဉ်
၆း၁၀ ပြည်သူ့နီတိ "အရွယ်သုံးပါး" (တတိယပိုင်း)
၆း၃၅ ဝတ်စားဆင်ယင်မှုပြပွဲ(ရခိုင်)
၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၀)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၉)
၈း၃၅ စန္ဒရားလှထွင်၍ အမှတ်တရတေးများ
၉း၂၀ ပြည်သူ့နီတိ "ဒူလာချစ်ဖေ"
၉း၄၀ "လှပသောတမန်တော်" (တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်)
၉း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "စောင်းတီးတဲ့မောင်" (လူမင်း၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေး ပုံရိပ်)]

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ ဓမ္မသုတ်
၅း၄၀ "အားကိုးမှန်မှ နိဗ္ဗာန်ရ" တရားတော်[ဆရာတော် ဘဒ္ဒန္တသောဘိတာဘိဝံသ (ကုစ္ဆာသယငြိမ်းချမ်းရေး ဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၉)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (SCBI-RED Carpet Day အခမ်းအနား)
၈း၀၀ Cartoon Series (English Play ground)
၈း၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၃)
၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (10th Toyota Dream Car Art Contest Press Conference)
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၇)
၁၂း၃၅ သာသနာ့အာဇာနည် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ "ဘဝသာသနာပုံရိပ်လွှာ" အပိုင်း(၃)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၈)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၉)
၃း၄၀ (၁၁)ကြိမ်မြောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်နှင့် 4TV ၏ တန်ဆောင်တိုင် အထူးအစီအစဉ်(အပိုင်း-၁)
၆း၁၀ Health Fix
၈း၂၀ ရသစုံညွှန်တမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၅၄)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၈)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၄၅ World of Knowledge (Dont Tell My Mother Indonesia)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ ရွှေဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်းခြင်း (အပိုင်း-၉၆)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၄၃)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မောင်မောင့်ချစ်သူ လေဒီဒီဖိုင်နာ(အပိုင်း-၉)

### mitv

07:26 Ngwe Saung
07:46 Moe Hnyin Than Buddhe", The Unique Pagoda In Monywa
08:26 Myanmar Childhood Games (Episode-2)
08:34 Strolling Along A Memory Link - U Pein Bridge
08:51 Thin Byu Mat
09:26 Myanma Pottery
09:50 Beach Food Delivery
10:25 Trend Of Kachin Dress
10:52 A Nun's Creation in Fruit Carving
07:24 To The Land Of Countless Temples - Bagan Trip (Ep-2)
07:47 Civic Duty
08:03 News
08:26 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
08:38 Sweet Delicacy Of Pathein
08:46 Chef Life "Oliver E Soe Thet"
09:03 News
09:26 Let's Cook (EP-12) Tapas: Ham & Peach Nibbles, Smoked Salmon & Quail Egg, Crunchy Baked Mussels and Colourful Fruit Punch
09:50 " Beach Food Delivery

## EXO ၏ ပထမဦးဆုံးသော မြောက်အမေရိက နယ်လှည့်ဖျော်ဖြေပွဲ ဖေဖော်ဝါရီလအတွင်း ပြုလုပ်မည်



တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့များအနက် အောင်မြင်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် " EXO "သည် သူတို့၏ ပထမဦးဆုံးသော မြောက်အမေရိကသို့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ကို လာမည့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း မြောက်အမေရိကရှိ မြို့ငါးမြို့သို့ လှည့်လည်ဖျော်ဖြေမည်ဖြစ်ကာ ခရီးစဉ်၏ အသေးစိတ်အစီအစဉ်များကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အမ်ဝေ့ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါတေးဂီတအဖွဲ့သည် ပြည်ပနယ်လှည့်ဖျော်ဖြေပွဲအဖြစ် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံတွင်လည်းသွားရောက်ဖျော်ဖြေခဲ့ပြီးနောက် အဖွဲ့၏အောင်မြင်မှုကို ကမ္ဘာနှင့်ချီသည့် အောင်မြင်မှုမျိုးဖြစ်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မြောက်အမေရိကသို့ သွားရောက်ဖျော်ဖြေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် EXO အဖွဲ့သည် သူတို့၏ ဆောင်းရာသီ အထူးတေးအယ်လ်ဘမ်သစ် "Sing For You"ကို ထုတ်လွှင့်နိုင်ရန်စီစဉ်နေပြီး ယင်းတေးအယ်လ်ဘမ်ကို ယခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ထုတ်လွှင့်ပေးသွားမည် ဖြစ်သည်။

**အေးပြည့်**

## စူပါမန်းရဲ့အကျဉ်းသားဖြစ်သွားတဲ့ လင်းနို့လူသား

ကမ္ဘာတစ်ဝန်းရှိ ကလေးရောလူကြီးများပါ စွဲလမ်းနှစ်သက်ခဲ့ရသည့် လူစွမ်းကောင်းများပါဝင်သော ရုပ်ရှင်များအနက်တစ်ခုဖြစ်သည့် ဒါရိုက်တာ ဇက်ခ်စနိုက်ဒါ ရိုက်ကူးသည့်ရုပ်ရှင်သစ် "Batman v Superman: Dawn of Justice"ကို စမ်းသပ်ပြသခဲ့ရာ ယင်းရုပ်ရှင်သစ်တွင် လူစွမ်းကောင်းဇာတ်ဆောင်တစ်ဦးဖြစ်သည့် လင်းနို့လူသားအား အခြားသောလူစွမ်းကောင်းတစ်ဦးဖြစ်သည့် စူပါမန်း၏အကျဉ်းသားအဖြစ် တွေ့မြင်ရသည်။

၄၉ စက္ကန့်ကြာထုတ်လွှင့်ပြသခဲ့သော အဆိုပါဗီဒီယိုတွင် မင်းသားဘန်အက်ဖလက်ထ်က လင်းနို့လူသားအဖြစ်ပါဝင်သရုပ်ဆောင်ထားပြီး စူပါမန်းအဖြစ် ဟင်နရီကက်ဗေလ်က သရုပ်ဆောင်ထားသည်။



အဆိုပါရုပ်ရှင်တွင် စူပါမန်းက လင်းနို့လူသား၏ မျက်နှာဖုံးကို ချွတ်ခဲ့ပြီးနောက် လူစွမ်းကောင်းနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံခဲ့ကြပုံများကို ရိုက်ကူးထားကာ ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သော ရုပ်ရှင်" Man of Steel"၏ နောက်ဆက်တွဲရုပ်ရှင်လည်း ဖြစ်သည်။

**အေးပြည့်**

## ကြေးမုံရုပ်ရှင်အညွှန်း

**ကြေးမုံရုပ်ရှင်ပရိသတ်ကြီးအတွက် ရုပ်ရှင်အညွှန်းအနေနဲ့ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြ Cineplex၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာထွန်းသီရိ Cineplex တွေမှာ ယခင်အပတ်တွေက ရုံတင်လက်စဖြစ်တဲ့ ဒါရိုက်တာညွန့်မြန်မာ ညီညီအောင်ရဲ့ လက်ရာဖြစ်ပြီး နေတိုး၊ သက်မွန်မြင့်၊ ရတနာဖြူဖြူအောင်၊ မေသဥ္ဇာဦး၊ ဝါဝါအောင်နဲ့ သရုပ်ဆောင်များစွာအားဖြည့်ထားတဲ့ နက္ခတ်မှားတဲ့ တိုက်ပွဲ မြန်မာဇာတ်ကားကို ဆက်လက်ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။**

**ဒီတစ်ပတ်အတွက် နိုင်ငံခြားရုပ်ရှင်သစ်တွေအနေနဲ့ သိပ္ပံစွန့်စားခန်းလေးတွေပါတဲ့ နိုင်ငံခြားကားလေးတွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ မင်္ဂလာ(၂)၊ နေပြည်တော် Cineplex 1 2 3 ၊ မင်္ဂလာစံပြ Cineplex၊ မင်္ဂလာဒိုင်းမွန်း Cineplex၊ မင်္ဂလာထွန်းသီရိ Cineplex တွေမှာ သိပ္ပံဝိညာဉ်ဇာတ်ကား VICTOR FRANKENSTEIN(2D)၊ အန်နီမေးရှင်းဇာတ်ကား THE GOOD DINOSAUR ( 3D )နဲ့ သိပ္ပံဆိုင်ရာစွန့်စားမှု အသားပေးဇာတ်ကား Star Wars: The Force Awakens(3D)ဇာတ်ကားတို့ကို ခံစားကြည့်ရှုနိုင်မှာဖြစ်ပါတယ်။**




### VICTOR FRANKENSTEIN

ဒီဇာတ်ကားမှာ ဟယ်ရီပေါ်တာမင်းသား ဒယ်နီရယ်ရက်ကလစ်ဖ်၊ စကော့တလန်နွယ်ဖွား မင်းသား ဂျိမ်းမက်ဗ်ဂဘွိုင်နဲ့ မင်းသမီး ဂျက်စီကာဘရောင်းတို့ အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ ကြာမြင့်ချိန် ၁၀၉ မိနစ်ခန့်ရှိတဲ့ ဒီဇာတ်ကားကို ဒါရိုက်တာပေါမစ်ဂီဂန်က ပုံဖော်ထားတာပါ။ ဒီဇာတ်ကားကို အမေရိကန်နိုင်ငံမှာ နိုဝင်ဘာ ၂၅ ရက်က စတင်ပြီး တီအက်စ်ဂျီအင်န်တာတိန်းမန့်က တစ်ဆင့်ဖြန့်ချိခဲ့ပါတယ်။

အစွန်းရောက်သိပ္ပံညာရှင်တစ်ဦးဖြစ်တဲ့ ဗစ်တာဖရန့်ခ်ကန်စတိန်းနဲ့ သူငယ်ချင်းဖြစ်သူ ထူးချွန်ထက်မြက်သည့် အိုင်ဂေါတို့နှစ်ဦးဟာ လူသားများအကျိုးကို ဆောင်ရွက်မည်ဆိုတဲ့ မြင့်မြတ်တဲ့ ရည်ရွယ်ချက်နှင့် အဆင့်မြင့်သုတေသနများပြုလုပ်ရင်း လူသားများ မသေနိုင်သည့် နည်းပညာကို တီထွင်ဖန်တီးကြပါတော့တယ်။ ဒါပေမယ့် ဗစ်တာဖရန့်ခ်ကန်စတိန်းရဲ့ စမ်းသပ်မှုများဟာ အစွန်း ရောက်ပြီး သူရဲ့စိတ်ထဲ၌စွဲနေတဲ့ မသေသည့်နည်းပညာဖော်ထုတ်မှုဟာ ကြောက်စရာ အကျိုးဆက်များ ဖြစ်လာစေခဲ့ပါတယ်။ ဒါကြောင့် သူငယ်ချင်းဖြစ်သူ အိုင်ဂေါသည် အစွဲအလမ်းကြီးမားလာတဲ့ ဗစ်တာရဲ့ ဧရာမအသေကောင်ကြီးကို အသက်ပြန်သွင်းမည့် ရည်ရွယ်ချက်ကိုတားဆီးပြီး ဗစ်တာရဲ့ ပုံမှန်စိတ်ကို ပြန်ရောက်အောင်ကြိုးစားပုံကို ရိုက်ကူးထားသော သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ဖြိုးစန္ဒာမြင့်**

## ဒီဇင်ဘာ ၄ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၆**

| | | |
|---|---|---|
| ရန်းနက်စ် - မာဆေး | | နံနက် ၂း၃၀ |

## ဒီဇင်ဘာ ၂ ရက် ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၆**

| | | | | |
|---|---|---|---|---|
| အန်ဂါ | ၀ | - | ၀ | ပီအက်စ်ဂျီ |
| လိုရီးယန့် | ၀ | - | ၀ | နိုက်စ် |
| နန့်တက်စ် | ၀ | - | ၀ | လိုင်ယွန် |

**ကက်ပီတယ်ဝမ်းဖလား (ကွာတားဖိုင်နယ်)**

| | | | | |
|---|---|---|---|---|
| မစ်ဒယ်ဘရော့ | ၀ | - | ၂ | အဲဗာတန် |
| စတုတ်စီးတီး | ၂ | - | ၀ | ရှက်ဖီး |
| မန်စီးတီး | ၄ | - | ၁ | ဟားလ်စီးတီး |

**မောင်မောင်ဇော်**

## ရီးယဲလ်ကို သင်ခန်းစာ ယူသင့်တဲ့ ဘာစီလိုနာ

ဘာစီလိုနာအနေနဲ့ အခုအချိန်မှာ အကောင်းဆုံး ပုံစံရရှိနေပေမယ့်လည်း ဒီအခြေအနေကို အမြဲတမ်း ထိန်းထားဖို့မလွယ်ပါဘူးလို့ ရီးယဲလ်အသင်း ခေါင်းဆောင်ရာမို့စ်က သတိပေးစကားဆိုခဲ့ပါတယ်။ ဘာစီလိုနာက နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲ(ရီးယဲလ်၊ ရိုးမား၊ ဆိုစီဒက်)မှာ ၁၄ဂိုးအထိသွင်းယူထားနိုင်ပြီး အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကို တောင် လေးမှတ်အထိ ဖြတ်ချထားနိုင်ပေမယ့် မနှစ်က ရီးယဲလ်ရဲ့ ဖြစ်ရပ်ကို အတုယူမယ်ဆိုရင် ချန်ပီယံဆုဖလားအတွက် အပြောင်းအလဲဖြစ်နိုင်သေးတယ်လို့ ရာမို့စ်က ဆိုခဲ့ပါတယ်။

မနှစ်က ရီးယဲလ်က နှစ်ကုန်အထိ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဦးဆောင်နေခဲ့ပေမယ့် နောက်ပိုင်းမှာ ရလဒ်တွေဆိုးလာခဲ့ပြီး လာလီဂါချန်ပီယံဆုကို ဘာစီလိုနာက သိမ်းပိုက်သွားနိုင်ခဲ့တာကို ချိန်ထိုးကြည့်ရင် သိနိုင်ပါတယ်လို့ ရာမို့စ်က ဆိုခဲ့ပါတယ်။ အားကစားလောကမှာ ဝေဖန်ခံရတာနဲ့ ချီးမွမ်းခံရတာက အမြဲတမ်းဒွန်တွဲနေတာကြောင့် အန်းနရစ်နဲ့ ဘာကာ ကစားသမားတွေအနေနဲ့ အကောင်းဆုံးပုံစံကို ထိန်း သိမ်းနိုင်အောင် ကြိုးပမ်းဖို့တော့ ခက်ခဲမှာ ဖြစ်တယ် လို့လည်း ရာမို့စ်က ပြောပါတယ်။

**မေလှဲ့သင်း**



ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည့် မန်စီးတီးအသင်းသည် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ဟားလ်စီးတီးအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ ဘောလုံးရာသီခုနစ်ရာသီအတွင်း (၄) ကြိမ်မြောက်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် ဟားလ်စီးတီးအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဘိုနီကတစ်ဂိုး၊ ဒီဘရူနီက နှစ်ဂိုးနှင့် အီဟီယာနာချိုက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဟားလ်စီးတီးအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုမူ ရောဘတ်ဆန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းနှင့် အဲဗာတန်အသင်းတို့၏ ကက်ပီတယ်ဝမ်းဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် အဲဗာတန်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ စတုတ်စီးတီးအသင်းနှင့် ရှက်ဖီးလ်ဝင်နက်စ်ဒေးအသင်းတို့၏ ပွဲစဉ်တွင် စတုတ်စီးတီးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်၏ အခြားသော နာမည်ကြီးအသင်းများဖြစ်ကြသည့် ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့မှာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့၍ ပြိုင်ပွဲမှ ထွက်လိုက်ရပြီဖြစ်သည်။

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နှစ်ကျော့ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်နှင့် ၂၅ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



## တိုက်စစ်ပြဿနာအတွက် အော့ဘာမီယန်အား မန်ယူခေါ်ယူရန်စီစဉ်

မန်ယူသည် လက်ရှိတွင် တိုက်စစ်ပိုင်းပြဿနာ အကျပ်အတည်းတွေ့နေရပြီး သွင်းဂိုးတစ်ဂိုးရရှိရန်ပင် ခက်ခက်ခဲခဲ ရုန်းကန်နေရရာ မန်ယူနည်းပြ ဗန်ဟားလ်က ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်အား ခေါ်ယူကာ ယင်းပြဿနာအား အလျင်အမြန် ဖြေရှင်းလိုသည်ဟု ဂိုးဒေါ့ကွန်းကဖော်ပြသည်။ အဆိုပါ ဂါဘွန်တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် ကမ္ဘာ့ကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်သည့် မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ထက်ပင် သွင်းဂိုးအရေအတွက် သာလွန်နေရာ ဗန်ဟားလ်က ၎င်းအားအလိုရှိဆုံး စာရင်းနံပါတ်(၁)နေရာတွင် ထည့်သွင်းထားသည်ဟုလည်း မေရာဒေးလီးက ရေးသားခဲ့သည်။

သို့သော် ဘာစီလိုနာ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ကလည်း ၎င်းအားအလိုရှိနေကြရာ မန်ယူအနေဖြင့် အော့ဘာမီယန်အား ရရှိရန်မလွယ်ကူပေ။ အော့ဘာမီယန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းအတွက် ၁၈ ပွဲတွင် သွင်းဂိုး ၂၂ ဂိုးသွင်းယူထားရာ ဥရောပရွှေဖိနပ်ဆုရရှိရန်ပင်ရေပန်းစားနေသူဖြစ်သည်။နည်းပြ ဗန်ဟားလ်က အသက် (၂၆)နှစ်ရှိ အော့ဘာမီယန်၏ခြေစွမ်းအား အကြိမ်ကြိမ်စောင့်ကြည့်ပြီးမှသာခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ပေါင် ၄၂သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အော့ဘာမီယန်သည် မိုနာကိုနှင့် စိန့်အက်တီယန်တို့တွင် ကစားခဲ့ဖူးပြီး ၂၀၁၃-၂၀၁၄ဘောလုံးရာသီတွင် ဒေါ့မွန်သို့ ရောက်ရှိလာကာ တစ်နှစ်ထက်တစ်နှစ်ခြေစွမ်းပိုမိုတိုးတက်လာခဲ့ခြင်းဖြစ်သည်။ထို့ကြောင့် ၎င်းအား ဥရောပကလပ်များ၏ တိုက်စစ်ကြယ်ပွင့်များဖြစ်သော နေမာ၊ဆွာရက်ဇ်၊မက်ဆီ၊ စီရိုနယ်လ်ဒို၊ဘင်ဇီမာ၊ လီဝမ်ဒေါစကီးတို့နှင့် တစ်တန်းတည်းထားရမည့်တိုက်စစ်မှူးအဖြစ် သတ်မှတ်လာကြခြင်းဖြစ်သည်။

**မေလှဲ့သင်း**

## အသင်းကြီးတွေ ထိပ်တိုက်တွေ့ဆုံမှု မရှိပေမယ့် အမှတ်ပေးဇယားအပြောင်းအလဲအတွက် စောင့်ကြည့်ရမယ့်...

### ပရီမီယာလိဂ်ရင်ခုန်သံ – ၁၅

*ပရီမီယာလိဂ်ပွဲစဉ် (၁၅) ကိုလာမယ့် ဒီဇင်ဘာ ၅၊ ၆၊ ၇၊ ၈ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာတော့ ပွဲစဉ် (၁၄)မှာတုန်းက လက်စတာနဲ့ သရေကျခဲ့ရတဲ့ မန်ယူဟာ ဒီရာသီခြေစွမ်းကောင်းတွေကို ပိုင်ဆိုင်နေတဲ့ ဝက်စ်ဟမ်းနဲ့ ရင်ဆိုင်ရဦးမှာဖြစ်လို့ နိုင်ပွဲပြန်ရပါ့မလားဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။*




**စတုတ် - မန်စီးတီး** ည-၇း၁၅ (၅-၁၂-၁၅)

ဆောက်သမ်တန်ကို အနိုင်ရခဲ့တဲ့ ပွဲစဉ်မှာ မန်စီးတီးရဲ့ ကစားပုံကောင်းမွန်ပါတယ်။ ဒါပေမယ့် မန်စီးတီးဟာ ဒဏ်ရာပြဿနာတွေနဲ့ ကြုံတွေ့နေရသလို ပွဲဆက်တွေလည်းများနေပါတယ်။ ဒါပေမယ့် စတုတ်ရဲ့ တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုမရှိတာကြောင့် မန်စီးတီးတို့ ကပ်ပြီးနိုင်ပွဲရသွားမှာပါ။

**ဆောက်သမ်တန် - ဗီလာ** ည ၉း၃၀ (၅-၁၂-၁၅)

ဆောက်သမ်တန်က ဒီရာသီမှာ ပုံမှန်ခြေစွမ်းမျိုးမရှိပါဘူး။ ဒါပေမယ့် ထိုးဖောက်ကစားပုံကကောင်းမွန်မှု အပြည့်ရှိတာကြောင့် ခံစစ်ပိုင်းအားနည်းတဲ့ ဗီလာကို ဖိအားပေးသွားနိုင်မှာပါ။ မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့်လည်း ဆောက်သမ်တန် အားစိုက်မှာဖြစ်လို့ ဆောက်သမ်တန်က အနိုင်ရဖို့ရှိနေပါတယ်။

**ဆွမ်ဆီး - လက်စတာစီးတီး** ည ၉း၃၀ (၅-၁၂-၁၅)

မန်ယူနဲ့ သရေကျခဲ့တဲ့ပွဲစဉ်မှာ လက်စတာကစားပုံက ကောင်းမွန်မှုရှိပါတယ်။ တန်ပြန်တိုက်စစ်ကို အကောင်းဆုံး ကစားနိုင်ပြီး မာရက်ဇ်၊ ဂျိမ်းစ်မာဒီ၊ အယ်ဘရိုက်တန်တို့ကလည်း ခြေစွမ်းပြသနေပါတယ်။ ဒါကြောင့် ခြေစွမ်းသာမန်သာရှိတဲ့ ဆွမ်ဆီးကို လက်စတာတို့ ကပ်ပြီး အနိုင်ရသွားဖို့ရှိပါတယ်။

**ဝက်ဖို့ဒ် - နော့ဝှစ်ချ်** ည ၉း၃၀ (၅-၁၂-၁၅)

နော့ဝှစ်ချ်ခြေက သာမန်ထက်မပိုပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းကအားနည်းမှုတွေများပါတယ်။ အဝေးကွင်း ပွဲစဉ်တွေမှာလည်း ကစားအားကျဆင်းတတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာကိုအနိုင်ရခဲ့သလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။ ဝက်ဖို့ဒ်ကပ်နိုင်မယ်။

**အာဆင်နယ် - ဆန်းဒါးလန်း** ည ၉း၃၀ (၅-၁၂-၁၅)

အခုနောက်ပိုင်းမှာ ဆန်းဒါးလန်းရဲ့ကစားပုံပြန်လည်ကောင်းမွန်လာခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပါတယ်။ အာဆင်နယ်ကတော့ ခြေစွမ်းကောင်းနေပေမယ့် ဒီပွဲအပြီးမှာ အရေးပါတဲ့ ချန်ပီယံလိဂ်ပွဲကစား ရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ ခက်မယ်။ အာဆင်နယ်နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

**ဝက်စ်ဘရွန်း - စပါး** ည ၉း၃၀ (၅-၁၂-၁၅)

ဒီရာသီမှာ စပါးရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်ကစားပုံထက်မြက်မှုရှိတာကြောင့်လည်း ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းခြေစွမ်းကို ထိန်းချုပ်သွားနိုင်မှာပါ။ ဝက်စ်ဘရွန်းက ခြေစွမ်းမဆိုးပေမယ့် ခံစစ်ကစားပုံကတော့ မတည်ငြိမ်ပါဘူး။

**မန်ယူ - ဝက်စ်ဟမ်း** ည - ၉း၃၀ (၅-၁၂-၁၅)

ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ မန်ယူဟာ လက်စတာနဲ့သရေကျခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်မှာ ဖြစ်ပေမယ့် ဒီပွဲအပြီးမှာ အရေးပါတဲ့ ချန်ပီယံလိဂ်ပွဲစဉ် ကစားရဖို့ရှိတယ်။ ဝက်စ်ဟမ်းရဲ့ခြေကလည်း ကောင်းမွန်နေတာကြောင့် မန်ယူတို့ အခက်တွေ့နိုင်ပါတယ်။ မန်ယူ နိုင်ရင်တောင် ဂိုးမပြတ်ပါဘူး။

**ချယ်လ်ဆီး - ဘုန်းမောက်** နံနက် - ၀၀း၀၀ (၆-၁၂-၁၅)

အဲဗာတန်ကို သရေကစားနိုင်ခဲ့တဲ့ပွဲစဉ်မှာ ဘုန်းမောက်ရဲ့အသင်းလိုက်ခြေစွမ်းပိုင်းနဲ့ စိတ်ဓာတ်က အားကောင်းမှုရှိပါတယ်။ ချယ်လ်ဆီးကတော့ အမှတ်ဆုံးရှုံးမှုတွေများခဲ့လို့ အားစိုက်မှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိနေသလို ခြေစွမ်းကလည်း အကောင်းဆုံးပုံစံမှာ မရှိသေးပါဘူး။ ချယ်လ်ဆီးနိုင်ရင်တောင် ဂိုးမပြတ်နိုင်တာ သတိပြုရမယ်။

**နယူးကာဆယ် - လီဗာပူး** ည-၁၀း၃၀ (၆-၁၂-၁၅)

နယူးကာဆယ်က အခုအချိန်အထိ ခြေမတည်ငြိမ်ပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အားနည်းမှုများလွန်းပြီး နောက်ဆုံးပွဲစဉ်မှာလည်း ပဲလေ့စ်ကိုတောင် ငါးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးခဲ့ရပါတယ်။ ဒါကြောင့် အကောင်းဆုံးခြေစွမ်းမျိုးရရှိနေတဲ့ လီဗာပူးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပါတယ်။ လီဗာပူးကသာ နိုင်ပွဲရယူသွားမှာပါ။

**အဲဗာတန် - ပဲလေ့စ်** နံနက် ၂း၃၀ (၈-၁၂-၁၅)

ဘုန်းမောက်နဲ့ သရေကျခဲ့ရတာကြောင့် အဲဗာတန်အနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာဖွေဖို့ ကြိုးစားမှာပါ။ အဲဗာတန်က အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ကစားပုံကောင်းတတ်ပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း ခြေစွမ်းကောင်းနေတာကြောင့် ဒီပွဲမှာ အဲဗာတန်ကပ်ပြီး အနိုင်ရနိုင်ခြေရှိပါတယ်။

# ပြင်ဦးလွင်၌ အလုပ်ရမည်ဟုလိမ်လည်စည်းရုံးပြီး တစ်ဖက်နိုင်ငံသို့ရောင်းစားမှု ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၅)ရပ်ကွက်မှ အသက်(၂၀)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ပြင်ဦးလွင်မြို့တွင် ၁၀ ရက်ခန့်လုပ်လျှင် ငွေကျပ်သိန်း ၃၀ ခန့်ရမည်ဟု လိမ်လည်ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံအတွင်းသို့ ပို့ဆောင်ရောင်းစားခဲ့သော ဇနီးမောင်နှံနှစ်ဦးအား မူဆယ်မြို့မရဲစခန်းက (ပ)၄၄၇/ ၂၀၁၅၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ နန်းတော်စစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်ရဲဌာနမှ လာရောက်လွှဲပြောင်းပေးသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၅)ရပ်ကွက်မှ အသက် (၂၀) နှစ်အရွယ် မ--- အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၇) မူဆယ်မှ မေးမြန်းရာ ဩဂုတ် ၈ ရက် နံနက်ပိုင်း ရန်ကုန်မြို့ အလုပ်ရှိရာအထည်ချုပ်စက်ရုံသို့သွားရန် ကားစောင့်နေစဉ် သိကျွမ်းသူ မပိုးဥနှင့်တွေ့ရှိခဲ့ကြောင်း၊ မပိုးဥက ၎င်း၏ခင်ပွန်းသည် ပြင်ဦးလွင်၌ အလုပ်လုပ်နေကြောင်း၊ ဝင်ငွေကောင်းကြောင်း၊ မကြာခင် ခင်ပွန်းထံသွားမည်ဖြစ်၍ လိုက်ပါအလုပ်လုပ်လျှင် လမ်းစရိတ်ခံ၍ခေါ်မည်ဖြစ်ကြောင်း၊ ၁၀ ရက်ခန့်လုပ်လျှင် ငွေကျပ်သိန်း ၃၀ ခန့်ရမည်ဖြစ်ကြောင်း၊ ခန္ဓာကိုယ်ရင်း၍ လုပ်ရသည့်အလုပ်မဟုတ်ကြောင်းပြောသဖြင့် မည်သူမျှမတိုင်ပင်ဘဲ မပိုးဥနှင့်တစ်ခါတည်းလိုက်ပါခဲ့ကြောင်း၊ ထိုည၌ပင် ပြင်ဦးလွင်သို့ သွားမည်ဟုပြောကာ ရန်ကုန်မှ လားရှိုး၊ လားရှိုးမှတစ်ဆင့် မူဆယ်သို့ ခေါ်ဆောင်သွားကြောင်း။

ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီခန့်တွင် မြို့တစ်မြို့သို့ ရောက်ရှိခဲ့ပြီး ဆိုင်ကယ်ကယ်ရီဖြင့် ခေါ်ဆောင်ကာ ခြံစည်းရိုးပေါက်မှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်အရောက်တွင် မပိုးဥ၏ ခင်ပွန်း အောင်ကျော်မြင့်(ခ) အသေးလေးဆိုသူနှင့် တရုတ်လူမျိုးလင်မယားတို့မှ လာရောက်ခေါ်ဆောင်ပြီး ရွှေလီမြို့သို့ ခေါ်ဆောင်သွားကြောင်း၊ တရုတ်လူမျိုးနေအိမ်တွင် တစ်ညအိပ်ရပြီး ညအိပ်စဉ် တရုတ်အမျိုးသမီးက ၎င်းအား တရုတ်ယောကျ်ားယူရမည်ဖြစ်ကြောင်း၊ လမ်းစရိတ် ငွေကျပ် ၁၀ သိန်းကို မပိုးဥကိုပေးထား၍ တရုတ်ယောကျ်ားမယူပါက ထိုငွေများပြန်လျော်ရမည်ဟု ပြောကြောင်း၊ ဟဲနန်ပြည်နယ် ဖျင့်တင်းရှန်မြို့နေ တရုတ်အမျိုးသားတစ်ဦးနှင့် တစ်ပတ်ခန့် ပေါင်းသင်းပြီးနောက် ထွက်ပြေးခဲ့သော်လည်း ပြန်ဖမ်းမိခဲ့ကြောင်း၊ ထိုည ၈ နာရီခန့်တွင် ပိတ်လှောင်ထားသည့် တိုက်ဒုတိယထပ်မှ ခုန်ချ၍ ထပ်မံထွက်ပြေးခဲ့ရာ တရုတ်လူမျိုးများ ဝိုင်းဖွဲ့ထိုင်နေသည့်နေရာသို့အရောက်တွင် ထိုတရုတ်များထံ ခြေဟန်လက်ဟန်ဖြင့် အကူအညီတောင်းခံကြောင်း၊ ထိုတရုတ်များက တရုတ်ရဲထံ ဖုန်းဆက်သဖြင့် တရုတ်ရဲများက ၎င်းအား လာရောက် ခေါ်ဆောင်သွားကြောင်း၊ ရဲစခန်းတွင် တရုတ်ယောကျ်ားမှ သုံးကြိမ်လာခေါ်ကြောင်း၊ ၎င်းကိုလည်း ယွမ် ၆ သောင်းဖြင့် ဝယ်ယူခဲ့ရသည်ဟု တရုတ်ရဲများကို ပြောပြ၍ သိရကြောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လွှဲပေး၍ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မအိသဇင်ဖူး(ခ)ပိုးဥနှင့် အောင်ကျော်မြင့်တို့ဇနီးမောင်နှံသည် စက်တင်ဘာ ၈ ရက်တွင် အမှုဖွင့်လှစ်ခဲ့သည့် မူဆယ်မြို့မရဲစခန်းက (ပ)၂၉၆ /၂၀၁၅၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၂၀၁၅ အမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**



## ပုလဲ- ဂန့်ဂေါကားလမ်းတွင် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ဂန့်ဂေါ ဒီဇင်ဘာ ၂**

ပုလဲ- ဂန့်ဂေါ မော်တော်ကားလမ်း မိုင်တိုင်အမှတ်(၉၆/၀)နှင့် (၉၆/၁)ကြား ဂန့်ဂေါမြို့နယ် ခေါင်းတုံရွာအနီးတွင် ကုန်တင်ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲခန့်က ကလေးမြို့နေ ဦးမျိုးဇင်ဦး မောင်းနှင်သည့် ကွမ်းသီးအိတ်များတင်ဆောင်လာသော YGN 2J/----- ဖူဆို ၁၂ ဘီး ယာဉ်သည် ပုလဲ- ဂန့်ဂေါ မော်တော်ကားလမ်း မိုင်တိုင်အမှတ်(၉၆/၀)နှင့် (၉၆/၁)ကြား ဂန့်ဂေါမြို့နယ် ခေါင်းတုံရွာအနီးတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့မီးလောင်မှုကြောင့် ယာဉ်နောက်ဘီးရှစ်လုံး၊ ကြမ်းခင်း (၁၀ ပေ× ၆ ပေခန့်)နှင့် ကွမ်းသီးအိတ် ၁၀ လုံး တို့ မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ရာသို့ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခေါင်းတုံကျေးရွာဒေသခံ ၅၀ ခန့်တို့နှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့ မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၄၆၅)

❑❑❑

## ရေစကြိုမြို့နယ်တွင် တရားမဝင်သယ်ဆောင်လာသည့် ရေနံစိမ်းပီပါ ၅၀၀ သိမ်းဆည်းရမိ

**ရေစကြို ဒီဇင်ဘာ ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရေနံစိမ်းများ တရားမဝင်သယ်ဆောင်လာသော ဆီဘောက်ဆာယာဉ်ငါးစီးအား နိုဝင်ဘာ ၃၀ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှသိရသည်။

ဖြစ်စဉ်မှာ ရေစကြိုမြို့မရဲစခန်းမှူး ဒုရဲမှူးစည်သူအောင်သည် ရေနံစိမ်းများ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ နိုဝင်ဘာ ၃၀ ရက် ည ၉ နာရီခွဲခန့်က ရေစကြိုမြို့နယ် ပခုက္ကူ-မုံရွာကားလမ်းနှင့် မြိုင်-လင်းကတောဆုံရာ အောင်မိုးလမ်းခွဲလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် ည ၁၀ နာရီခန့်တွင် (၁၂)ဘီးဘောက်ဆာယာဉ် ငါးစီးမောင်းနှင်လာသည်ကိုတွေ့ရှိရ၍ စစ်ဆေးရာ မြိုင်မြို့နယ် ဆူဝင်းကျေးရွာနေ မောင်ဆင့်(ခ)နက်တူး (၂၈) နှစ်မောင်းနှင်လာသည့် 4D/----- နစ်ဆန်း(၁၂)ဘီးယာဉ်ပေါ်မှ ဂါလန် ၅၀ ပါ တရားမဝင်ရေနံစိမ်းပီပါ အလုံး ၁၀၀၊ 5D/----- နစ်ဆန်း(၁၂)ဘီးယာဉ်ပေါ်မှ ဂါလန် ၅၀ ပါ ရေနံစိမ်းပီပါ အလုံး ၁၀၀၊ 6C/----နစ်ဆန်း(၁၄)ဘီးယာဉ်ပေါ်မှ ဂါလန် ၅၀ ပါ ရေနံစိမ်းပီပါအလုံး ၁၁၀၊ ၆ခ/----(၁၂)ဘီးဖြူပြာရောင်နစ်ဆန်းယာဉ်ပေါ်မှ ဂါလန် ၅၀ ပါ ရေနံစိမ်းပီပါအလုံး ၁၀၀၊ ၅ဃ/-----(၁၂)ဘီးယာဉ်ပေါ်မှ ဂါလန် ၅၀ ပါ ရေနံစိမ်းပီပါ အလုံး ၉၀ အား စစ်ဆေးတွေ့ရှိရပြီး ယာဉ်မောင်း မောင်ဆင့်(ခ)နက်တူးနှင့် ယာဉ်နောက်လိုက် ဇင်လင်းထက်တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျန်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များမှာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်ငါးစီးပေါ်တွင် တင်ဆောင်သယ်ယူလာသည့် ရေနံစိမ်းပီပါ အလုံး ၅၀၀ (စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀ ခန့်)နှင့်ပတ်သက်၍ သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာနမှခွင့်ပြုချက်မရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ရေနံစိမ်းများတရားမဝင် သယ်ဆောင်လာသူယာဉ်မောင်း မောင်ဆင့်၊ ယာဉ်နောက်လိုက် ဇင်လင်းထက်နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ရှစ်ဦးတို့အား ရေစကြိုမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(ကျော်ဇေယျ)**

## ပဲခူးရိုးမအတွင်းမှ ဆင်သားရေခြောက်နှင့် ဆင်နှာမောင်းခြောက်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကျောက်တံခါး ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနသို့ နိုဝင်ဘာ၂၇ ရက်က ဘိုင်းဒါးဘိနယ်တာဝန်ခံဦးကံမင်းနိုင်က ပဲခူးရိုးမအတွင်း ညသန်းခေါင်ယံတွင် သေနတ်သံ ၁၅ ချက်ခန့် ကြားရကြောင်း၊ ဆင်မုဆိုးများရောက်ရှိနေသည်ဟု ယူဆရကြောင်း သတင်းပေးချက်အရ ပဲခူးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဇင်မွန်နိုင်ဦးဆောင်၍ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးမှူး ဦးစန်းယုနှင့် သစ်တောဝန်ထမ်းများ၊ ဖဒိုနယ်မြေရဲစခန်းမှ ဒု-ရဲအုပ် ဇေယျာလင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဘိုင်းဒါးကြိုး ဝိုင်းအကွက်အမှတ် (၉၇ -၉၈-၉၉)နှင့် ပိန္နဲမြောင်ချောင်းတစ်လျှောက် စုံစမ်းရှာဖွေမှုများပြုလုပ်ခဲ့သော်လည်း ထူးခြားမှုတစ်စုံတစ်ရာမျှ တွေ့ရှိခြင်းမရှိပေ။

ထို့ကြောင့် မြို့ချောင်း(CheckPoint)တာဝန်ကျစစ်ကြောင်းအဖွဲ့မှတောအုပ်ကြီးဦးစောလတ်နှင့် သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပဲခူးရိုးမအတွင်းတောနင်းရှာဖွေစဉ် နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲခန့်တွင် ဘိုင်းဒါးကြိုးဝိုင်းအကွက်အမှတ်(၉၇) ၌ နိုင်လွန်ပလတ်စတစ်ခြင်းအတွင်း ဖုံးအုပ်ထုပ်ပိုးထားသည့် ဆင်သားရေခြောက်(ကျပ်တိုက်)ငါးခြင်း (အလေးချိန် ၉၅ ဒသမ ၈၈ ပိဿာ)၊ ဆင်နှာမောင်းခြောက် တစ်ခြင်း(အလေး ချိန် ၈ ဒသမ ၉၈ ပိဿာ) စုစုပေါင်းခြောက်ခြင်း စုစုပေါင်းအလေးချိန် ၁၀၄ ဒသမ ၈၆ ပိဿာအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ပျောက်ဆုံးကြောင်း**
ကျွန်တော် လွင်ငြိမ်းချမ်း [၁၄/ပသန(နိုင်)၂၀၀၆၆၁] CDC No. 68668 ၏ BST ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၇၉၂၉၈၁၇၁၉

**ကန့်ကွက်နိုင်ပါသည်**
ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်အမှတ်-၇၊ မြေတိုင်းကွက်အမှတ်-၄၊ မြေကွက်အမှတ်(၆၁၃+၆၁၅) အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးမောင်ကျော်(ငြိမ်း)[၉/အမရ(နိုင်)၀၀၅၀၃၀]ပိုင်ဆိုင်သော မြေကွက်၏ ဂရန်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် ဂရန်(မိတ္တူမှန်) ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဂရန်မိတ္တူမှန်လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဗိုလ်မှူးမောင်ကျော်(ငြိမ်း)[၉/အမရ(နိုင်)၀၀၅၀၃၀]ဖုန်း-၀၉-၂၅၉၁၁၉၉၁၁

၂၀၁၆-၁၀တန်းဖြေဆိုမည့်သူများအတွက်
OYC ၁၀တန်းဘာသာစုံ (၃)လပြတ် EXAM: SPECIAL
တစ်မေးခွန်းတွင် ကြိုတင်ဖြေ
Air-con တက်ဆိုဒ်ချမှု ဒီဇင်ဘာ(၇)ရက်စမည်
ဝိုင်း(၆၀၀၀၀-ကျပ်) ရှယ်(၉၀၀၀၀-ကျပ်)
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန့်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဦးမြင့်ဝင်းကျော်
ရူပ ➡ ဦးအောက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

**ပျောက်ဆုံးကြောင်း**
Honda Fit (ခဲရောင်)6F/4688ကား Owner bookနှင့် ရောင်းဝယ်စာချုပ်သည် နိုဝင်ဘာလ ၂၉ရက် ည ၁၁း၃၀နာရီခန့်တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အမြန်ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၂၀၁၀၉၂၉၅၊ ၀၁-၅၂၇၁၁၇

ရွှေထိပ်တန်း ချောင်းသာ (နေ့စဉ်)
✦ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား(သောကြာ)
✦ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ (သောကြာ)
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထပ်ဝပ်း(သောကြာ)
ကားမျိုးစုံ စီးလုံးငှား အော်ဒါများ စီစဉ်ပေးပါသည်။
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,01-710436,09-5403844,09-5044830

**ဖိတ်ကြားအပ်ပါသည်**
အ.လ.က(၁)၊ မရမ်းကုန်း(အောင်မေတ္တာ) ကျောင်းသား/သူဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဤကျောင်းတွင် မည်သည့်ပညာသင်နှစ်တွင်မဆို သင်ကြားခဲ့သည့် ကျောင်းသား/သူ ဟောင်းများ ဆက်ဆက်ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်နေ့ရက် -၆-၁၂-၂၀၁၅ (အမျိုးသားနေ့)
ကျင်းပမည့်အချိန် -နံနက် (၉) နာရီ
ကျင်းပမည့်နေရာ -အလက(၁) မရမ်းကုန်း (မုဒိတာခန်းမ)
ကျောင်းသား/သူဟောင်းများနှင့် ကန်တော့ခံ ဆရာကြီး/မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး
ကော်မတီ

မြကန်သာ Condominium
(၅) ခန်းသာ ရောင်းမည်။
ISM ကျောင်းအနီး
အာမခံပေးရန်မလို
၁၀ နှစ် ငွေချေစနစ်
3 To 6 -DEC-2015
တပ်မတော်ခန်းမတွင် ရောင်းချပေးသွားမည်။
i GREEN

လစဉ် (၉)သိန်း ၂၀၁၈ အခန်းအပ်

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းကောင်းပေးဝယ်သည်။
09-6809893
09-6819020

# လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်းသင်တန်းနှင့် ဖမ်းဆီးနည်း (နည်းပြ–ဆင့်ပွား) သင်တန်းဖွင့်

**ထားဝယ် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးကြီးမှူး၏လူ့အခွင့်အရေး စံချိန်စံညွှန်းများ တည်ဆဲဥပဒေများနှင့်ကိုက်ညီ၍ လူစုလူဝေးအားစနစ်တကျထိန်းသိမ်းဖမ်းဆီးနိုင်ရန်ရည်ရွယ်ချက်ဖြင့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်း ဆင့်ပွားသင်တန်းနှင့် ဖမ်းဆီးနည်း (နည်းပြ-ဆင့်ပွား) သင်တန်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း ရဲဇာနည်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက နိုင်ငံတော်သည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် လူစုလူဝေးများကို တည်ဆဲဥပဒေများနှင့်ကိုက်ညီစွာ ဖြစ်ပွားသည့်ပြဿနာအရင်းအမြစ်ကိုရှာပြီး ညှိနှိုင်းဖြေရှင်းရန်နှင့် အင်အားသုံးမည်ဆိုပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ ခေတ်မီနည်းပညာသုံး၍ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် နည်းလမ်းသုံးဆောင်ရွက်နိုင်ရေးကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လိုက်နာမှတ်သားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲအရာရှိ ၂၅ ဦးနှင့် အခြားအဆင့် ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိဖြစ်သည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# ပြန်ပဲစိုက်သူတောင်သူများ အလုပ်အကိုင်များရရှိ၍ အဆင်ပြေ

**နတ်တလင်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (အနောက်ခြမ်း) ချင်းကုန်းကံအုပ်စု၊ ပွဲသာအုပ်စု၊ လှေကြပ်ကုန်းအုပ်စု စသည့်ကျေးရွာအုပ်စုများတွင် ပြန်ပဲစိုက်တောင်သူများမှာ အငှားလိုက်လုပ်ငန်းများဖြင့် အဆင်ပြေနေကြကြောင်း ယင်းကျေးရွာဒေသခံများက ပြောသည်။

ရွာမကျေးရွာမှ တောင်သူဦးမောင်စိုးက "ကျွန်တော်တို့ဒေသမှာ နုန်းကျသဲမြေဖြစ်တဲ့အတွက် ပထမအကြိမ် ကဆုန်လဆန်းမှာထွန်ယက်ပြီး မြေပဲကို အစေ့ချစိုက်ပျိုးတယ်။ ဝါခေါင်လဆိုရင် မြေပဲပေါ်ပြီ။ မိုးမြေပဲအထွက်နှုန်းက ပြန်ပဲထက်ပိုပြီး အထွက်နှုန်းကောင်းတယ်။ ပြန်ပဲစိုက်တယ်ဆိုတာက မိုးမြေပဲနုတ်ပြီးတာနဲ့ တော်သလင်းလထဲမှာ တစ်ကျော့ပြန်စိုက်တာဖြစ်လို့ ကျွန်တော်တို့ဒေသမှာပြန်ပဲလို့ခေါ်တာပါ။ တစ်ကျိုးကို ပျမ်းမျှခုနစ်တင်းလောက်ထွက်တယ်။

"မြေပဲတစ်တင်းကို အခုပေါက်စျေးကျပ် ၁၃၀၀၀၊ မြေပဲဆန်တစ်ပိဿာကိုကျပ် ၂၈၀၀ ရောင်းရတယ်။ မြေပဲပင်နုတ်ခခြွေခကတော့ တစ်တင်းကိုကျပ် ၂၀၀၀ ပေးရတယ်။ မိသားစု ကလေး၊ လူကြီးမကျန် လုပ်ကြတယ်။ အိမ်အတွက် အသုံးစရိတ်ပြေလည်ကြတယ်။ ပြန်ပဲနုတ်ချိန်ကျတော့ နွားစာမြက်အစိုရှားပါးချိန်ဖြစ်လို့ နွားတွေအတွက်လည်း ကျွေးရတာအဆင်ပြေတယ်။

"ပြန်ပဲနုတ်ပြီးပြန်တော့လည်း ရေနားနီးပြီး အောက်ကျင်းကျတဲ့တောင်သူတွေက ဖရဲ၊ ကြက်သွန် စတဲ့သီးနှံပင်တွေစိုက်ကြတော့ တပေါင်း၊ တန်ခူးဆိုရင် ငွေပြန်ဝင်တယ်။ ပြောရရင်တော့ မြေမအား၊ လူမနား၊ ဝင်ငွေလည်းမပြတ်ဘူး။ တစ်နှစ်ကိုသုံးသီးစားရတယ်။ တောင်သူတွေနဲ့ လက်လုပ်လက်စားသမားတွေ အလုပ်အကိုင်မပြတ်တော့ သုံးရေးစားရေးလွယ်ကူနေကြတယ်" ဟုပြောပြခဲ့သည်။ **(ဝ၇၁)**



# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးရန်ပုံငွေဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်

**ရေဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးရန်ပုံငွေ အထောက်အပံ့ဖြင့် ရေဦးမြို့နယ် သမဝါယမဦးစီးဌာန သမဝါယမအသင်းစုနှင့် အမှတ်(၂၁) စက်မှုလယ်ယာစခန်းတို့ပူးပေါင်းဖွင့်လှစ်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစံဌေးက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလာသည့်အတွက် လုပ်သားရှားပါးမှုပြဿနာနှင့် ငွေကုန်ကြေးကျပြဿနာများ ဖြေလျှော့ပေးနိုင်မည်ဖြစ်သည့်အတွက် ရရှိသောအချိန်တိုကာလအတွင်း စိတ်ပါဝင်စားစွာဖြင့် တတ်မြောက်အောင်သင်ယူသွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးငွေဇော်စိုးက လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင်ကိုယ်ကျပြုပြင်နိုင်ပါက စက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စက်ပြင်တတ်ပါက တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေရေးတွက် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တန့်ဆည်၊ ဒီပဲယင်းမြို့နယ် သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတာဝန်ရှိသူများ၊ ရေဦးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမအသင်းစု အသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အသစ်ထိုးနှံမည့် ပိုလီယို(ထိုးဆေး)အကြောင်းအသိပေး

**ပေါတော ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်း အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသော တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်တွင် အသစ်ထည့်သွင်းထိုးနှံမည့် ပိုလီယိုရောဂါကာကွယ်ဆေး (ထိုးဆေး) အကြောင်း အသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးလုပ်သားများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြည်က ယခုကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၌ ယခုပိုလီယိုရောဂါကာကွယ်ဆေးအသစ် (ထိုးဆေး) IPV ထည့်သွင်းထိုးနှံပေးခြင်းဖြစ်ရာ ဘေးထွက်ဆိုးကျိုးကင်းပြီး အာနိသင်ပိုမိုကောင်းမွန်သော ကာကွယ်ဆေး(ထိုးဆေး) ဖြစ်သည်ဟု အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်/ဆက်)**


## မအူပင်မြို့နယ်အသင်း(ရန်ကုန်)

### နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခမ်းမရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် မိသားစုများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံအသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၁၅-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သောအသင်းဝင်များ၊ အသင်းဝင်သားသမီးများသည် အမှတ်စာရင်း၊ အောင်လက်မှတ်မိတ္တူ(ပတ်စ်ပို့ဓာတ်ပုံတစ်ပုံနှင့်အတူ)များပေးပို့ရန်နှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ရန်ကုန်မြို့တွင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာဦးစိန်မင်း ဖုန်း -၃၇၁၆၇၂နှင့် ဦးအုန်းဖေ ဖုန်း-၄၅၀၃၉၂၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၀၉-၇၃၁၂၈၁၆၈၊ အတွင်းရေးမှူးများဖြစ်သည့် ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၁၆၈၃၇၇နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆၊ ဘဏ္ဍာရေးမှူး ဦးတင်ငြိမ်း ဖုန်း-၀၉-၇၉၉၂၄၂၇၉၂နှင့် အမှုဆောင် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀၊ မအူပင်မြို့တွင် ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄နှင့် ဦးပိုက် ဖုန်း-၀၉-၄၉၇၅၂၁၇၃ တို့သို့လည်းကောင်း၊ နီးစပ်ရာအမှုဆောင်များထံသို့လည်းကောင်း ၂၀-၁၂-၂၀၁၅ ရက်နောက်ဆုံးထား၍ သတင်းပေးပို့ကြပါရန်နှင့် အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း။

**အမှုဆောင်အဖွဲ့**
**မအူပင်မြို့နယ်အသင်း(ရန်ကုန်)**



**ရွှေလမင်းခရီး ...ကျိုက်ထီးရိုး(နေ့စဉ်)**

* ပုဂံ (စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
* တောင်ကြီး(မွေတော်ကက္ကူ) (ထမ်စမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေရောစနကျောက်စိမ်းဘုရား
* ကယားပြည်နယ်(လွိုင်ကော်)၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကလော
* မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက်မရော၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ

သောကြာနေ့တိုင်း

* ဇလွန်ပြည်တော်ပြန် * ပြည် အကောက်တောင် * ချောင်းသာ * ငွေဆောင်

အမှတ်(၁၁၅)၊ပန်းဆိုးတန်းလမ်း 095124678, 098627170, 09401589907



**ကိုဝင်းနိုင် ဒေါင်းမင်း 09425355758, 09255913926**

▲ ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)▲ပြည်၊ထုံးဘို၊အကောက်တောင်(နေ့ချင်းပြန်)(စနေ)
▲ ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်၊ကန်ချုနာပူရီ၊အယုဒ္ဓယ၊ပတ္တရား၊ဗန်ကောက်(၈)ရက် → Dec 24
▲ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထမ်စမ်း(၅)ရက် ▲ လွိုင်ကော်ပါ(၆)ရက်
▲ မန္တလေးဘုံရှားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်(၃)ရက်
▲ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ (၃)ရက်
အဆင့်မြင့်ဟိုတယ်တည်း တာဝေးကားဆိုင်ကြေး 65000 ထမင်းလုံးငှား စီစဥ်ပေးသည်



**မယ်ဘေဒါကျွန်း၊ နဂါးမတောင်ကာထိန် ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးများဖူး**
**အကောက်တောင် - နဂါးရုပ်တောင်**

ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ မင်းဘူး၊ မကွေးဘုရားစုံဖူး (၃)ရက်ခရီး၊
ထမင်းမကျွေး 45000/-Ks (၂၄-၁၂-၂၀၁၅)ထွက်မည်။

ရွှေစေတီ ဘုရားဖူးခရီးဆောင်ရေး၊ ကျိုက္ကဆံဘုရားလမ်းမှတ်တိုင်အမှတ်(၁၂၄)၊ ဘုရင့်နောင်လမ်း၊ ဦးစံဝေရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်။ Ph:09 450024419, 09 790629747



**Colourful Myanmar**
**TRAVELS & TOURS**

* ကရင်ပြည်နယ်–ဘားအံ–ကျုံထော် Dec 12,19,24,26 (35,000 Ks)
* မော်လမြိုင်–ကျိုက္ကမီ–စက်စဲ Dec 12,19,24,26 (35,000 Ks)
* ပြည်–အကောက်တောင်–မှူးမြို့ဟောင်း Dec 12,19,24,26 (35,000 Ks)
* တောင်ငူ–သံတောင်ကြီး–ဗိုးကျွားဆင်စခန်း Dec 12,19,24,26 (35,000 Ks)
* မန္တလေး–ကျောက်စိမ်းဘုရား–ဒီးခုတ်ရေပြာဆိုင် Dec 12,19,24,26 (65,000 Ks)

Phone: 09 79 3388 901-902-903-904-905



**သုံးရာသီ** ဝမ္မဒါန

မန္တလေး၊ မေမြို့၊ လားရှိုး၊ မန်စီ၊ ရွှေလီ (ထမင်းကျွေး-၇၀၀၀၀/-)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (ထမင်းကျွေး-၄၀၀၀၀/-)
Dec 4,11,18,24
ကားအမျိုးမျိုးစင်းလုံးငှားသည်။
420144148, 421153797



**မီး သတိပြု**



**သွားလာမှုအဆင်ပြေချောမွေ့စေတာ**

**ချယ်ရီ**
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

**ရန်ကုန် ⇌ မူဆယ်**

ခရီးစဉ်သစ်ကို (၂၇ - ၁၁ - ၂၀၁၅) နေ့မှ စ၍ VIP Class ကားကြီးများဖြင့် တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရန်ကုန် 09-43067786, 09-43204833, 09-970470840, 09-786503763
မူဆယ် 09-264254313, 09-264254393, 09-440192633, 09-440192644



**ယာဉ်မောင်းအလိုရှိသည်**

ဆက်သွယ်ရန်
ဖုန်း ၀၉-၇၈၆၄၇၂၇၄၁



**မြေကွက်များဝယ်လိုပါသည်**

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၂၆၀၆၆၄၄၉၀



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများ မြန်မာကျပ်ငွေ (Kyats)ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 4-11(T)/MESC/2015-2016 | အောင်မြေသာစံမြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း အရာရှိကြီးများနေအိမ်အဆောက်အအုံ(၂)ခန်းတွဲ (၃)ထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂-၂-၂၀၁၆ ၁၃း၀၀နာရီ |
| (ခ) | 4-12(T)/MESC/2015-2016 | အောင်မြေသာစံမြို့နယ် လျှပ်စစ်ရုံးဝင်းအတွင်း အရာရှိများ အိမ်ရာအဆောက်အအုံ(၂)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂-၂-၂၀၁၆ ၁၃း၀၀နာရီ |
| (ဂ) | 4-13(T)/MESC/2015-2016 | အောင်မြေသာစံမြို့နယ် လျှပ်စစ်ရုံးဝင်းအတွင်း အမှုထမ်းအိမ်ရာအဆောက်အအုံ(၄)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂ -၂-၂၀၁၆ ၁၃း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၇၇ လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၁

ဖတ်စရာ

# ရှေးခေတ်နံရံဆေးရေးပန်းချီများကိုလေ့လာနိုင်သည့်တိလောကဂုရုလိုဏ်ဂူ

**ခ** တိမ်တမန်

မြန်မာနိုင်ငံတွင် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်သည် ထင်ရှားလှသည်။ တေးပြုစာဆိုများကမူ တံတားညီနောင် မြစ်ညီမနှင့် နတ်ရေးတဲ့အလှပန်းချီဟုပင် တင်စားထားသည်။ ဧရာဝတီမြစ် ရစ်ခွေကာ မြောက်မှတောင်စီးဆင်းရာမှသည် အရှေ့အနောက် စကိုင်းစီးဆင်းသည့်အတွက် စကိုင်းမှသည် စစ်ကိုင်းဟုခေါ်ကြောင်း မှတ်သားသိရှိရသည်။

စစ်ကိုင်းမြို့ကို အသင်္ခယာစောယွမ်းမှ သက္ကရာဇ် ၆၇၇ ခုနှစ်တွင် အတုလဝတီမြို့ကိုတည်ထောင်ခြင်းမှသည် စစ်ကိုင်းမြို့သမိုင်းကိုအစပြုသည်ဟု ဆိုထားသည်။ မြို့တည်ရာ တစ်ပြိုင်တည်းတည်သော ကိုးဌာနဖြစ်သည့် ရွှေနန်းတော်၊ ရွှေမြို့တော်၊ အရှေ့တံခါး၊ အနောက်တံခါး၊ တောင်တံခါး၊ မြောက်တံခါး၊ စေတီလှစည်းခုံဘုရား၊ သောတပန်နတ်ကွန်း၊ ဆင်ဖြူကန်များမှသည် ချောင်ကိုးချောင် တောင်ကိုးတောင်မှ စတင်ခဲ့သည်ဟု စာပေပညာရှင်များ၏ မှတ်တမ်းများအရ သိရသည်။

အနှစ် ၇၀၀ ပြည့်သွားပြီဖြစ်သော စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံတွင် ထင်ရှားသောဒေသ ဘာသာ သာသနာ ထွန်းကားရာဒေသအဖြစ် နိုင်ငံ့ဂုဏ်ကိုဆောင်နေသည်။ စေတီပုထိုးပေါင်း ၁၄၇၆ ဆူကျော်၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၉၂၄ ကျောင်း၊ သီလရှင်ကျောင်းပေါင်း ၄၅၉ ကျောင်းကျော်ဖြင့် တင့်တယ်စွာတည်ရှိကာ သာသနာထွန်းကားရာ သမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိလျက်ရှိသည်။

လေ့လာစရာများစွာနှင့် စေတီပုထိုးပေါင်းများစွာထဲတွင်နံရံဆေးရေးပန်းချီများကို လေ့လာနိုင်သည့် တိလောက ဂုရုလိုဏ်ဂူမှာလည်း စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ တိလောကဂုရုလိုဏ်ဂူမှာ စစ်ကိုင်းတောင် ပုညရှင်စေတီတော်၏ တောင်ဘက်အဆင်း စောင်းတန်းအနောက်ဘက်တွင် ကပ်လျက်တည်ရှိသည်။

ထူးခြားပြီး စိတ်ဝင်စားဖွယ်ရာကောင်းသော နံရံဆေးရေးပန်းချီများရှိသည့်ဂူအဖြစ် ထင်ရှားသည်။ ပညာရှင်များကမူ ပုဂံကျောက်ကူးဥမင်နှင့် ဆင်ဆင်တူကြောင်း ဆိုထားသည်။ ဥမင်အပြင်မျက်နှာစာကို အုတ်ဖြင့်တည်ဆောက်ကာ အတွင်းဘက်မှာ ကျောက်ကိုထွင်း၍ လိုဏ်ပြုလုပ်ထားသောဂူပင်ဖြစ်သည်။ ဂူမှာ နှစ်ဆင့်ဂူဖြစ်ပြီး အပေါ်သို့တက်ရန် လှေကားပါရှိသည်။

တိလောကဂုရုလိုဏ်ဂူသက်တမ်းမှာ နှစ်ပေါင်း ၃၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။ လက်ရှိကာလတွင် ရှေးဟောင်းနံရံဆေးရေးပန်းချီများကို လေ့လာနိုင်သည်။နံရံဆေးရေးပန်းချီများမှာ နှစ်ကျိပ်ရှစ်ဆူဘုရားပုံ၊ ဗျာဒိတ်ခံခန်း၊ တောထွက်ခန်းကို သရုပ်ဖော်ရေးဆွဲထားသလို ဗုဒ္ဓဝင်ပုံများကိုလည်း တွေ့နိုင်ပြီး ပုံများအောက်တွင် ၅၅၀ ဇာတ်တော် ကောက်နုတ်ချက်များကိုလည်း ရေးထိုးထားသည်ကို လေ့လာနိုင်သည်။



အခြားဇာတ်တော်များအနေဖြင့် စမ္မေယျနဂါးမင်းဇာတ်၊ သင်္ခပါလဇာတ်၊ မဟာကပိမျောက်မင်းဇာတ်၊ သရဘင်္ဂဇာတ်၊ ဥမ္မာဒန္တီဇာတ်၊ သမ္ဘုလဇာတ်နှင့် အခြားဇာတ်တော်ပုံများ၊ တောခန်း၊ တောင်ခန်း၊ တိရစ္ဆာန်များ၊ ငရဲခန်းများကိုလည်း ရေးဆွဲထားသည်ကို လေ့လာနိုင်သည်။

## သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဘိုကလေးမြို့နယ်တွင် ဆွေးနွေး

**ဘိုကလေး ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဘိုကလေးမြို့နယ် သမဝါယမအသင်းအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သ/မ ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းနှင့် မြို့နယ်သ/မ အသင်းစုဥက္ကဋ္ဌ ဦးလှဝင်းတို့က နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကူညီပံ့ပိုးထားသော ချေးငွေများကို အကျိုးရှိစွာအသုံးချပြီး စည်းမျဉ်း စည်းကမ်းများအတိုင်းဆောင်ရွက်ရန်နှင့် အထွေထွေကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ရပ်/ကျေးစိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်းစုများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ၊ ဒါရိုက်တာများမှ လက်တွေ့လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လုပ်ဆောင်မှုများအားတင်ပြပြီး မြို့နယ်သ/မ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးဖြေရှင်းခဲ့သည်။

ဘိုကလေးမြို့နယ် သ/မအသင်းစုအနေဖြင့် တစ်မြို့နယ်လုံး စိုက်ပျိုးရေး၊ မွေးမြူရေး အသင်းစု ၂၄၄ သင်းအား အတိုးနှုန်း ၁ ဒသမ ၁၅ ကျပ်နှုန်းဖြင့် ကျပ်ငွေသိန်းပေါင်း ၁၈၀၈၅ ဒသမ ၀၅ သိန်း ချေးထားကြောင်း သိရသည်။ **အောင်မင်း(ဘိုကလေး)**

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**အိမ်မဲ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို အိမ်မဲမြို့ မြို့မဈေးရှေ့၌ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါလေ့ကျင့်မှုတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးသူ၊ ဈေးသားများတက်ရောက်ကြကြောင်း သိရသည်။ **ဇော်ထက်(အိမ်မဲ)**


**အလိုတော်ပြည့်ဘုရားအမိဋ္ဌာန်ပြုပွဲတော်**

ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ဒေါက်တာ ဘန္ဒန္တအရိယဝံသဦးစီးကျင်းပသည့် ပုဂံညောင်ဦးအလိုတော်ပြည့်ဘုရား ဆုတောင်းအမိဋ္ဌာန်ပြုပွဲတော်ကို (၁၃၇၇-ခုနှစ်၊ နတ်တော်လပြည့်နေ့) ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့ (စနေနေ့) နံနက်(၉:၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်မြို့မှ လိုက်ပါလိုသော ဓမ္မမိတ်ဆွေများ သွားလာမှုအဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ထားပြီးဖြစ်ပါ၍ ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပါသည်။(၂၄.၁၂.၂၀၁၅)ညနေ(၆:၀၀)နာရီထွက်မည်။
**ခရီးစဉ် - (ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ နီးဘုရား၊ မြင်းမထိ၊ ထမ်စမ်းဂူ၊ မွေတော်ကက္ကူ၊ ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကံ၊ ငွေတောင်ဆည်) (၅)ညအိပ်-(၆)ရက်ခရီး (စား/ငြိမ်း)**
**ဆက်သွယ်ရန်-ဦးစံအောင်ကျော်+ဒေါ်မနီ (၁၀၂)ပြည်လမ်း။ ၁၀-မိုင်၊ လေဆိပ်ကားလေးဂိတ်အနီး**
ဖုန်း-၀၉-၅၁၇၆၆၉၃၊ ၀၉၇၉၉၆၉၇၆၄၅၊ ၀၉၉၇၅၆၂၁၇၅၁၊ ၀၁-၆၆၆၉၃၅
"မိဘမေတ္တာဘုရားဖူးပို့ဆောင်ရေး" ၀၉-၅၀၃၁၀၇၀၊ ၀၉-၄၂၀၁၄၃၉၀၃

**Trumpet Travel & Tour**

ကရင်ပြည်နယ်၊ ကျွဲတော်ရောက်ခွန်နှင့်ဘုရားစုံဖူး အထူးခရီးစဉ်။ Dec 12 ရက်နေ့ တစ်ဦးလျှင် (၃၅၀၀၀)ကျပ် (၁၀)ဦးလျှင်(၁)ဦးအခမဲ့
မြို့တွင်း/မြို့ပြင်ကားမျိုးစုံငှားရန်ရှိသည်။ VIP 41Seater Coach,Grand Cabin 9 Seater
Ph: 09-43089536, 01-532238, 01-536975, 09-5182767

**Modern Myanmar TRAVELS**

ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ { -35000 / -50000
ငွေဆောင် -52000
ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးပါသည်။
09-450047016, 09-253540004

**"SEVEN ၀" မာ်**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းလ်၀ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံး၀ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

**(၁၅)ကြိမ်မြောက် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း(T.T.C)**
**၁၉၇၄-၁၉၈၂ခုနှစ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် ပညာသင်ပေးခဲ့သော ကျေးဇူးရှင်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ရန် သူငယ်တန်း(KG)မှ (၁၉၇၄-၁၉၈၂) ခုနှစ် ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - (၁၃၇၇ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၁၀ ရက်)
၆-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ - ပညာ့ဗိမာန်ခန်းမ
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(T.T.C)
ပြည်လမ်း၊ ရန်ကုန်မြို့။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

**SST ဝန်ထမ်းအလိုရှိသည်**

Marketing Manager
အမျိုးသား (၁)ဦး

- အောက်မြန်မာပြည် ဈေးကွက်ကျွမ်းကျင်သူဖြစ်ရမည်၊
- အတွေ့အကြုံအနည်းဆုံး (၅)နှစ် ရှိပြီး ဈေးကွက်မဟာဗျူဟာရေးဆွဲနိုင်သူဖြစ်ရမည်။

အမှတ်(၄၉၂) သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၁၄၄၅၆၆၊ ၀၁-၅၁၀၄၄၅၀၅



# ချင်းတွင်းမြစ်တစ်ဖက်ကမ်းမှ ထန်းပင်မြစ်ပေါက်များ ဈေးကွက်သို့တင်ပို့နိုင်ရေး စတင်တူးဖော်

**မုံရွာ ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်း ဒေသတွင် ပါဝင်လျက်ရှိရာ မုံရွာမြို့ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ဒေသများတွင် ထန်းပင်များ ပေါများစွာပေါက်လျက်ရှိရာ ယင်း ထန်းပင်များမှသီးသော ထန်းသီးများကို ပြန်လည်စိုက်ပျိုးရာမှ ရရှိလာသော ထန်းမြစ်များအား ဈေးကွက်တင်ရန် စတင်တူးဖော် နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါထန်းပင်မြစ်သည် ထန်းသီးစေ့မှထွက်လာသော ထန်း မြစ်ဖြစ်သည်။ ထန်းစေ့အညှောင့်သည် ထန်းမြစ်အဖြစ် မြေကြီး ထဲ စိုက်ဝင်သွားပြီး ထန်းရွက်နုလေးများမပေါ်မီ အခြေအနေပင် ဖြစ်သည်။ ထန်းပင်မြစ်များကို သီးခြားစိုက်ယူမှသာ ရရှိနိုင်သည်။ စိုက်ပျိုးရာ၌လည်း ရင့်မှည့်သောထန်းသီးများ၏ အစေ့မှသာလျှင် အညှောင့်ပေါက်နိုင်သည်။

ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အောင်ချမ်းစည် ကျေးရွာမှ ထန်းပင်မြစ်များရောင်းချရန် တူးဖော်နေသည့် တောင် သူတစ်ဦးကလည်း "ထန်းပင်မြစ်ကို အညာမှာတော့ ထပင်ညှောင့် လို့သာ ခေါ်ကြပါတယ်။ ထန်းပင်မြစ်ကျင်းစိုက်ပျိုးရန် ကျွန်တော် တို့ ထန်းတောကထွက်တဲ့ ထန်းစေ့တွေကို ဝါခေါင်လ၊ တော်သလင်း လတို့မှာ စတင်စိုက်ပျိုးပါတယ်။

အခု တန်ဆောင်မုန်းလပြည့်ကျော်ဆို ထန်းပင်မြစ်ကျင်း ဖော်နေပါပြီ။ ထန်းပင်မြစ်ကျင်း စိုက်ပျိုးရာမှာထန်းစေ့တွေ ကို တစ်စေ့ချင်းမဟုတ်ဘဲ ပဲညှောင့်ဖောက်သကဲ့သို့ အစုလိုက် အပြုံလိုက် စိုစွတ်တဲ့သဲမြေတို့၊ နယ်မြေတို့မှာ ထန်းပင်မြစ် ကျင်းပြုလုပ်ပါတယ်။ ဒါမှသာ စိုက်တဲ့အခါ၊ တူးတဲ့အခါ လွယ်ပါတယ်။ မြေသား၊ မြေနီများမှာ စိုက်ပျိုးပါက ထန်းပင်မြစ် ဖြစ်ထွန်းမှုနည်းပြီး တူးဖော်ရာ၌လည်း ခက်ခဲတတ်ပါတယ်။ ထန်းပင်မြစ်လေးတွေကို ၂၅ ချောင်း အစည်းလေးတွေစည်းပြီး လက်ကားနှုန်းနဲ့ တစ်စည်းကို ကျပ် ၃၅၀ ရရှိပါတယ်။

'မုံရွာဘက်က ပွဲစားတွေက ဖော်နေတဲ့ကျင်းတွေဆီထိ လာဝယ် ကြတယ်။ မုံရွာဘက်မှာတော့ တစ်စည်းကို ကျပ် ၈၀၀ နဲ့ ကျပ် ၁၀၀၀ လောက်ထိ ပြန်လည်ရောင်းချပါတယ်။ ဒီနှစ် မြစ်ဘေးဒေသတွေ မှာ မြစ်ရေတွေလျှံပြီးဝင်ကြတော့ ထန်းပင်မြစ်ကျင်းစိုက်တဲ့ သူ အရင်နှစ်ကထက်နည်းတော့ ထန်းပင်မြစ်ပေါက်တွေ ဈေး ကောင်းပါတယ်" ဟု ပြောသည်။

ထန်းပင်မြစ်သည် ရာသီပေါ် အစားအစာဖြစ်ပြီး ကလေး လူကြီး ကြိုက်နှစ်သက်ကြသလို မီးဖုတ်၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ ဖြစ်စေ စားသုံးနိုင်သည်။ မီးဖုတ်ပြီးထန်းမြစ်ကို ဆုံတွင်ထည့်ထောင်းပြီး ဆီ၊ ဆားထည့်၍စားလျှင် ပို၍အရသာရှိလှကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ချောက်မြို့ ငါးရုံးတန်းလမ်း ကတ္တရာထပ်ပိုးလွှာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ချောက် ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ စွမ်း အင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း ချောက်-လမ်းရွာရေနံ မြေနှင့် Goldpetrol ကုမ္ပဏီ၏ ၂၀၁၅ ခုနှစ် (CSR) အစီအစဉ်ဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ လုပ်ငန်းကြီးကြပ် ဆောင်ရွက်သော အမှတ်(၄) ရပ်ကွက် ရှိ ငါးရုံတန်းလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ ကြောင်းသိ ရသည်။

အခမ်းအနားတွင် ချောက်လမ်းရွာ ရေနံ မြေ အထွေထွေမန်နေဂျာ ဦးကရင်နော် အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင် က ငါးရုံတန်းလမ်း ကတ္တရာထပ်ပိုး လွှာလမ်းခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် မြို့နယ်တွင် CSR အစီ အစဉ်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ အကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ (Goldpetrol) ကုမ္ပဏီမှ Field Manager မစ္စတာ ပါပရာဒိုဗို၊ ချောက်လမ်းရွာ ရေနံမြေအထွေထွေမန် နေဂျာ ဦးကရင်နော်အောင်၊ မြို့နယ်အုပ် ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းငွေး တို့ကလမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းမှာ အရှည်ပေ ၁၁၀၀၊ အမြင့် ၁၂ ပေ၊ သုံးလက်မဖြစ်ပြီး ချောက် လမ်းရွာရေနံမြေနှင့် Goldpetrol ကုမ္ပဏီတို့၏ အကျိုးတူ ပူးပေါင်းမှုတန်ဖိုး ငွေကျပ် ၉၆၆၀၀၀၀ အကုန်ကျခံ၍ မြို့နယ်စည်ပင်မှ ကြီးကြပ်ဆောင်ရွက်ခဲ့ ရာ ယခုအချိန်တွင် ရပ်ကွင်းရှင်လူ ပြည်သူ များယာဉ်ကြီး ယာဉ်ငယ်များ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

❐

# အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**တီးတိန် ဒီဇင်ဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့် ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ် ငန်းပညာသင်တန်းကျောင်း (တီးတိန်) ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၆/၂၀၁၅) နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၃၀/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် တီးတိန်မြို့ အိမ်တွင်းမှု သင်တန်းကျောင်း သင်တန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယမြို့ နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာ စကားပြောကြားပြီး ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ တွင် အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရရှိ သူ မလာလ်ဗျက်ဘူးမော်ရီအား ဒုတိယမြို့နယ်အုပ် ချုပ်ရေးမှူးကလည်းကောင်း၊ အဆင့်မြင့်စက်ချုပ် သင်တန်း ထူးချွန်ဆုရရှိသူ မကျိန်မွမ်းဇိုအား မြို့နယ် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကလည်းကောင်း၊ စံပြသင်တန်း ဆုရရှိသူ မမန်းလမ်းလွန်းအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကလည်း ကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင် တန်းသူနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူစုစု ပေါင်း ဒေသခံတိုင်းရင်းသူ ၆၀ တက်ရောက်ပညာ သင်ကြားခဲ့ကြကြောင်း သိရသည်။ **ဇိုဟေဆာ**

**မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့**

ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9 , 23 (ပိဋကပူဇော်ပွဲ)

ဗန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း

ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့် ) ၇.၅ သိန်း

Nov 27,28,29
Dec 25,26,27
Jan 02,03,04

သီရိလင်္ကာစွယ်တော် အပြန် ဗန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း 2015 Nov 20 ထွက်မည်

မိသားစု၊ အသင်းအဖွဲ့ သီးသန့် စီစဉ် ပေးပါသည်။

ရန်ကုန် -(၃၈)၊ ၉လမ်း/ ၈၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၀၆၊ ၀၉ ၇၃ ၂၅၅၈၉၀

မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၁၆၊ ၀၂ ၃၄၆၇၄

မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈

မန္တလေးမှ ဗန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး (ငြိမ်း) 35000
ချောင်းသာ Hotel(ငြိမ်း) 40000 / 50000
ငွေဆောင် (Hotel+ကား) 40000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်၊
01-549380,09-5093704,09-450012971

**TOP STAR**

ကျိုက်ထီးရိုး ချောင်းသာ (စား၊တည်း၊ငြိမ်း)
တားစီးငှားစီစဉ်ပေးသည်
09-43179331,448544658

**အာရှနဂါး**

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**အသိပေးကြေညာခြင်း**

မြို့တော်ဂေါက်ကွင်း၏ (၂၁)ကြိမ်မြောက် အသင်းသားများ နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအား အသင်းသားများ၏ ရိုက်ချက်(Handicap) အလိုက် ရွှေအဆင့်(H'cap 0 to 12)၊ ငွေအဆင့်(H'cap 13 to 18)၊ ကြေးအဆင့် (H'cap 19 to 24)သတ်မှတ်ကာ ၁၀-၁-၂၀၁၆ရက်တွင် ကျင်းပသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆုများကိုလည်း အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပါသောကြောင့် အသင်းသားများအနေဖြင့် မိမိတို့၏ အဆိုပြုရိုက်ချက် (Handicap)များကို မြို့တော်ဂေါက်ကွင်း ဧည့်ကြိုကောင်တာ၌ ပြိုင်ပွဲဝင်ကြေး ၅၀၀၀ိ/-နှင့်အတူ ၅-၁-၂၀၁၆ရက်၊ ညနေ၁၆း၀၀နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

**GUSTO INTERNATIONAL COLLEGE**

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင် ပါသည်။

၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ အတိုင်း Student - Centered Learning Approach ဖြင့် တွေ့လက်တွေ့သင်ယူ ရမည်ဖြစ်သည်။

၃ ။ တသင်တာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅ ။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

ဖြိုအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဗဟိုတားအနီး၊ ရန်ကုန်မြို့။

Call Now : 09 789 888 222, 09 862 8806, 01 504632

**iStock®** ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-440067577, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

# ကျေးရွာ ၁၃ ရွာ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုပြီးစီး

**စစ်တွေ ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မင်းဘားစိုးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်တန်းတိုက်နယ် ၁၃ ရွာ ကျေးရွာချင်းဆက် လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၈၇ ဒသမ ၀၀၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာနေ ပြည်သူများက ပြည်ထောင်စုရန်ပုံဖြင့် ၎င်းလမ်း အား ဆောက်လုပ်ပေးခဲ့သော တာဝန်ရှိသူများနှင့် ဒေသ အာဏာပိုင်များကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် လမ်း ပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပါက စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်များကို လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းလမ်းသည် ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၂၁၈၉ အိမ်ရှိ လူဦးရေ ၁၃၃၃၁ ဦးအား လမ်းပန်းဆက်သွယ်ရေးအဆင် ပြေချောမွေ့စေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအထောက်အကူရရှိမည် ဖြစ်သည်။

**ကျော်ဆန်းဝင်း(ခရိုင်ပြန်/ဆက်)**

# မီးဘေးအန္တရာယ်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်



**မြိတ် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူးကြီးမှူး၍ ပြည်သူများ မီးဘေး အန္တရာယ်ကင်းဝေးစေရေး အတွက် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် စည်ပင်သာယာရေး အဖွဲ့ပိုင် ဆိပ်ငယ်ဈေးတွင် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ရာ တွင် ဆီမီးလောင်မှုကို FORM မီးသတ် ဆေးဘူး၊ Dry Chemical Powder မီး သတ်ဆေးဘူး၊ Water Mist Gun ကိရိ ယာတို့ဖြင့် မီးငြိမ်းသတ်ခြင်း၊ မြိတ်မြို့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၇ ဦးတို့ဖြင့် ဈေး အတွင်း ရှာဖွေကယ်ဆယ်ရေးဆောင် ရွက်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် အပြင်းအထန် ဒဏ်ရာရလူနာအား လူနာတင်ယာဉ်ဖြင့် ဆေးရုံပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

ယင်းနောက် ဈေးအရှေ့ဘက် ဗိုလ်ချုပ် လမ်းနှင့် တောင်ဘက် နာရီစင်လမ်း တို့တွင် မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးစီးလျက် မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ လူနာတင် ယာဉ်တစ်စီးတို့ဖြင့် သန္ဓေ၊ အရန် မီးသတ် တပ်ဖွဲ့ဝင် ၁၁၅ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင် ၁၄ ဦးတို့ဖြင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ကြရာ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြ ပြီး ဈေးတာဝန်ခံရုံးခန်းတွင် တာဝန်ရှိသူ များက မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်မှု တွင် အားသာချက်၊ အားနည်းချက်များ ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ အကျဉ်းဦးစီးဌာန မြိတ် အကျဉ်းထောင်တွင်လည်း မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြဆောင် ရွက်မှုအား အကျဉ်းထောင်ဝန်ထမ်းများ နှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီး သတ်ဆေးဘူးများ၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက် လေ့ကျင့်မှုဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**ခိုင်ထူး(မြိတ်ခရိုင်ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်း သက်ဆိုင်သူအဖွဲ့အစည်း ပေါင်းစုံပါဝင်သော သုံးသပ်ခြင်းစည်းဝေးပွဲ ကျင်းပ

**စေတုတ္တရာ ဒီဇင်ဘာ ၂**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ် အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ် ခြင်းအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက စေတုတ္တရာမြို့ အ. ထ. က ကျောင်းခန်းမတွင် ပြုလုပ်ခဲ့ ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး လူထု ဗဟိုပြုစီမံကိန်း စီမံကိန်းတာဝန်ခံ ဦးကျော်စွာအောင် (ညွှန် ကြားရေးမှူး) က အစည်းအဝေးပြုလုပ်ရခြင်းအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့တာဝန်ခံ မှ ကျေးရွာစီမံကိန်း(ပထမနှစ်) ၏ စီမံကိန်းစက်ဝန်းအတွင်း အောင်မြင်မှုများနှင့် အားနည်းချက်များ၊ လူထုစစ်ဆေးပွဲ ရလဒ်များနှင့် အမှတ်ပေးကတ်ရလဒ်များ၊ ကျား-မရေးရာကဏ္ဍ များ၊ အကာအကွယ် (လုပ်ငန်းသုံး၊ သဘာဝပတ်ဝန်းကျင်) နှင့် အကြံပြုတိုင်းကြားခြင်းများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများမှ စီမံကိန်းနှစ်အတွင်း လုပ်ငန်းကဏ္ဍများအလိုက် တိုးတက် အောင်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ကိုင်တွယ်ဖြေရှင်းရသည့်နည်းလမ်းများကို ပြန်လည်ရှင်း လင်းတင်ပြကြပြီး အကောင်းဆုံးဆောင်ရွက်မှု၊ ဘက်မလိုက် ဘဲ အများလေးစားရသောပုဂ္ဂိုလ်များပါဝင်သော ဂျူရီအဖွဲ့ များဖွဲ့စည်း၍ အကဲဖြတ်စံနှုန်းများဖြင့် အောင်မြင်မှုဆု၊ ကျေးရွာအုပ်စုနှင့် ကျေးရွာသုံးဆုအား ရွေးချယ်ခဲ့ကြသည်။

ယင်းနောက် အကောင်းဆုံးဆောင်ရွက်မှုဆုရရှိသော ကျေးရွာအုပ်စုနှင့် ကျေးရွာများအား မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် စီမံကိန်းတာဝန်ခံတို့မှဆုများ အသီးသီးချီးမြှင့်ပေးအပ် ကာ လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးဆယ်မောင်က နိဂုံးချုပ် စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဝင်များ၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများမှ လူထုဗဟိုပြုစီမံကိန်း တာဝန်ခံများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**တင်ထွန်းဦး(မင်းဘူး)**

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
✦ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဧရိယာငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ရွှေအိုးကြီး Aircon Express
အိမ်အရောက်လက်မှတ်ပို့ ကားချိန်းတိုင်းလုံးငှားသည်
မြဝတီ၊ မဲဆောက်၊ ဘားအံ
ကျိုက်ထော်ရေတံခွန်၊ လမ်းဘုရားစုံ (၃)ရက်
တစ်ဆင့်ကား၊ ထမင်းကျွေး၊ မိုတယ်တည်း
(80000ks) Dec(24), Jan(1)ထွက်
09 421073634, 09 420281267

ရေတနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
✦တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း(၄)ရက်၊ လွိုင်ကော်ပါ (၅)ရက်
✦ပုဂံ (စွယ်တော်လေးဆူ)၊ ပြည့်ငါးပြည်၊ ပုပ္ပါး(၄)ရက် ✦မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်
✦မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက်။ ✦ဆက်၍-ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ (၆)ရက်
Ph: 01-392704, 09 73017110, 09 5066657,09 785066657

## လူပျောက်ကြေညာခြင်း



ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၅)၊ ၆- လွှာ(ဘီ)နေ ကိုအီဆက် [MDW-250320]၏ဇနီး ဓာတ်ပုံရှင် မတင်တင်ထွေး[၁၂/မဂတ(နိုင်)၀၈၁၂၈၅]အသက်(၃၃)နှစ်သည် ၁၆-၉-၂၀၁၅ရက် ည ၇း၁၅ နာရီခန့်တွင် နေအိမ်မှဈေးဝယ်ရန် ဆင်းသွားရာမှ ယနေ့အထိ ပြန်ရောက်လာ ခြင်းမရှိသေးပါ။ မင်္ဂလာတောင်ညွန့်မြို့မရဲ စခန်းတွင်လည်း လူပျောက်အမှတ်စဉ် (၉/ ၁၅)ဖြင့် ၁၇-၉-၂၀၁၅ ရက်တွင် တိုင်တန်းထားပါသည်။ မတင်တင်ထွေးမှာ စိတ်ရောဂါဝေဒနာရှင် တစ်ဦးဖြစ်သဖြင့် ၎င်းအား တွေ့ရှိသူများက သတင်းပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူများကိုလည်း ကျေးဇူးဆပ် မည်ဖြစ်ပြီး၊ သွေးဆောင် ဖြားယောင်းလက်ခံထားသူများကိုလည်း အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။
ကိုအီဆက် ဖုန်း-၀၉-၄၂၀၀၃၄၇၇၁

MYANMAR SEARCH INT'L
Knowledge . Career . Family
Scholarship Exhibition of MSI & Partner Universities
ကမ္ဘာ့အသိအမှတ်ပြု Top University များမှ ပညာသင်ဆုပေးအပ်ဆွေးနွေးပွဲ
Diploma 80 %, Undergraduate 50 %, Master 45 %, ပညာသင်ဆုများ လျှော့ထားနိုင်သည်။
● ကျောင်းတက်ရင်းနှင့် တရားဝင် အချိန်ပိုင်းအလုပ် လုပ်နိုင်ပြီး ကျောင်းပြီးဆုံးသည်နှင့် နိုင်ငံတကာရှိ Partner Companies များတွင် အလုပ်ရရှိရန် အာမခံ သည့် Hotel & Tourism ဘာသာရပ်
● ဆေးပညာဘာသာရပ်နှင့် စီးပွားရေးဘာသာရပ်များကို UK, USA, Japan, Australia, Switzerland အစရှိသည့် နိုင်ငံကြီးများသို့ Study Abroad & Transfer Program များဖြင့် လွယ်ကူစွာကူးပြောင်းနိုင်သည့် တက္ကသိုလ်များ
● ခေတ်မီနည်းပညာသစ် IT ဘာသာရပ်၊ Interior Design, Fashion Design, Business ဘာသာရပ်များကို Double Major ဖြင့် တွဲဖက်သင်ယူနိုင်သည့် ကျောင်းများ
● Civil & Construction, Architecture, Mechanical, Electrical စသည့် Engineering ဘာသာရပ်များကို ဝင်ငွေရအလုပ်သင်ကာလနှင့် work-Ready ဖြစ်စေသော Program များကို တွဲဖက်သင်ကြားပေးသည့် တက္ကသိုလ်များ
● ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများအားလုံးမှ အသိအမှတ်ပြုသည့် (ကနေဒါ၊ ဩစတြေးလျ၊ အင်္ဂလန်၊ အမေရိကန်၊ ဆွစ်ဇာလန်) နိုင်ငံတို့၏ တက္ကသိုလ်အကြို Foundation Programs ,Secondary 2 & 3 , Singapore Cambridge GCE 'O' Level Preparatory Course , IGCSE,Guardian Visa ...စသည့်
★ သက်ဆိုင်ရာ ကျောင်းအသီးသီး၏ Admission Officers တို့မှ Scholarship & Opportunity များကို အသေးစိတ် ဆွေးနွေးပေးမည်။
(ပညာသင်ဆုလျှောက်ထားနိုင်သူများမှာ (၁၀)တန်းအောင် , IGCSE, GCE O Level, A Level, Any graduate)
YANGON
10am to 1pm
5 Dec 2015 (SAT)
Sule Shangri-La
(Konbaung, Tagaung)
MANDALAY
1pm to 4pm
6 Dec 2015 (SUN)
Mandalay Swan Hotel
(Ballroom)
MSI
09 510 3915,
09 4200 37 616 , 09 250 180 988
Facebook : MyanmarSearchInternational

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းပေးဝယ်ပေးသည်။
09-500 5916
09-730 97123


G7ကို ၁၀,၀၀၀ကျပ်တည်းနဲ့
အခုပဲ ရယူလိုက်ပါ
• မိနစ် ၁၀၀ အူရီဒူးဖုန်းအချင်းချင်းခေါ်ဆိုခွင့်
• တစ်လ Facebook အခမဲ့
• အူရီဒူးဆင်းမ်ကဒ်
ooredoo
G7
ooredoo
အချိန်အကန့်အသတ်ရှိလို့
အူရီဒူးရဲ့အတန်ဆုံးဖုန်းကို
မလွတ်တမ်း ဝယ်ယူ
လိုက်ကြပါစို့
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ
၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၉ ရက်ထိ
အပတ်စဉ် စနေနေ့တိုင်း
အပတ်စဉ်တိုယိုတာကားအသစ်တစ်စီးအပါအဝင် အခြားဆုမဲပေါင်းများစွာ ကံထူးနိုင်မည့်
ကံစမ်းခွင့်လက်မှတ်များရယူရန် နည်းလမ်းများ
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း | (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် | (၃)စောင်
၅၀၀၀ကျပ် | (၅)စောင်
၁၀၀၀၀ကျပ် | (၁၀)စောင်
၂၀၀၀၀ကျပ် | (၂၀)စောင်
၃၀၀၀၀ကျပ် | (၃၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် | (၃၀)စောင်
စည်းကမ်းချက်များ
• ယခုအစီအစဉ်သည် MPT မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး (GSM/WCDMA and CDMA)အတွက် အကျုံးဝင်ပါသည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲများတွင် သက်ဆိုင်ရာရက်သတ္တပတ်အတွင်း ပါဝင်ကံစမ်းထားသော ကံစမ်းခွင့်လက်မှတ်များမှ ရွေးချယ်သွားပါမည်။
• နောက်ဆုံးပတ် ကံထူးရှင်ရွေးချယ်ပွဲတွင် ကံစမ်းမဲကာလအစအဆုံး၏ ကံစမ်းခွင့်လက်မှတ်များအားလုံးထဲမှ ရွေးချယ်သွားပါမည်။
• အထူးဆုကံထူးရှင်များကို ဖုန်းခေါ်ဆိုခြင်း နှင့် MRTV 4 ရုပ်သံလိုင်းမှတဆင့်လွှင့်ခြင်းတို့ဖြင့် ကြေညာပေးပါမည်။
• ငွေဖြည့်ကတ်ဆုရရှိသူများကို SMS ပေးပို့ခြင်းဖြင့် ကြေညာပေးပါမည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ဖုန်းလက်ခံနိုင်ခြင်းမရှိသော အထူးဆုကံထူးရှင်များကို (၃)ရက်ဆက်တိုက် အကြောင်းကြားပေးသွားပါမည်။ (၃)ရက်အတွင်း ဖုန်းလက်ခံနိုင်ခြင်းမရှိသော ဆုများကို နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ထည့်သွင်းကံစမ်းပေးသွားမည် ဖြစ်ပါသည်။
• ဘောက်ချာတစ်ဆင့် ငွေ(ဘီလ်)ဖြည့်ခြင်း၊ CUG (Closed User Group) သုံးစွဲခြင်းများသည် ကံစမ်းခွင့်အစီအစဉ်တွင် အကျုံးမဝင်ပါ။
• MPTမှ ဝန်ထမ်းများ (သို့) နှစ်သစ်ကူးကံစမ်းခွင့် အစီအစဉ်နှင့် တိုက်ရိုက်ဆက်နွယ်နေသော အဖွဲ့အစည်းများမှ MPT သုံးစွဲသူများသည် ဤအစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။
lucky
ကံစမ်းခွင့်လက်မှတ်အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
For more information
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

ကြော်ငြာ

**စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်** **(ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)**

၁၂ရက် - ၁၅ရက် - စရန်(၂)သိန်း+ ၁၅ရက်(ကိုလ်ကတ္တားပါ) { ဒေါ်လာ ၇၀၀ / ဒေါ်လာ ၇၅၀ / ဒေါ်လာ ၈၀၀ } (စရိတ်ငြိမ်း)

ဒီ၂၈(၂၀လို)၊ဇန်၁၁(၂၀လို)၊ဖေ၈(ပြည့်)၊၂၂၊၂၇(၂၀လို)၊မတ်၇(၂၀လို)၊၂၁၊ဧပြီ၁၁၊
ဒီ၁၆ (၁၆လို)၊ဇန်၂၀(၁၁)လို၊ဖေ၁၀(၂၅လို)၊မတ်၁၆၊ဧပြီ၆၊ သံရုံးလိုက်ရန်မလို
ဒီ ၄ ၊၁၁၊၁၈ (အားလုံးပြည့်) ၊၂၈ (၁၄ လို)၊ဇန် ၁၁ (၄ လို) ၊၁၅ (၇လို)၊ဖေ ၁၊
၅၊၁၂၊၁၅၊၁၉၊၂၂၊၂၆၊မတ် ၄၊၇၊၁၁၊၁၈၊၂၁၊၂၅၊ဧပြီ ၄၊၈၊၁၁၊

စရန်/ငွေအကြေချေ ဦးရာလူစနစ်

နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှု ကောင်းကြောင်းအာမခံပါသည်။

Email:khinnandartravels@gmail.com
Website: www.khinnandartravel.com

Air Bus A 320 လေယာဉ်ကြီးဖြင့်သာ

ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဗီလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊မရမ်းကုန်း၊ရန်ကုန်။ ၀၁-၆၅၅၅၂၀၊၆၅၅၈၈၅၊၀၉-၅၆၀၀၁၂၃၊၀၉-၅၆၀၀၄၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

**ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အသစ်ရောက်ရှိလာမည့် တွဲ၊ စက်ခေါင်းများဖြင့် ပြေးဆွဲမည့် လူစီးအမြန်ရထား၏ တွဲထိန်းနှင့် တွဲသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထားသည် ခရီးသည်ဝန်ဆောင်မှုအဆင့်တိုးမြင့်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အသစ်ရောက်ရှိလာမည့် တွဲ၊ စက်ခေါင်းများဖြင့် ပြေးဆွဲမည့် လူစီးအမြန်ရထား၏ တွဲထိန်းနှင့် တွဲသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အဆင့်မြင့်သန့်ရှင်းမှုနှင့် တွဲထိန်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် တင်ဒါအဆိုပြုလွှာတွင် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထား၊ ဒု-အထွေထွေမန်နေဂျာ(ထောက်ပံ့) ပစ္စည်းထိန်းချုပ်၊ ဗိုလ်တထောင်သို့ ( ၅.၁.၂၀၁၆ )ရက်(၁၆း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်ပါသည်။

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်) သို့ရာတွင် (လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်အရ နိုင်ငံခြားကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့်ဆက်သွယ်ရန်လိပ်စာ

(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)

(ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)

(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)

(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ် (ပူးတွဲဆောင်ရွက်နိုင်မည့် နိုင်ငံခြားကုမ္ပဏီရှိလျှင် ထိုကုမ္ပဏီ၏ အတွေ့အကြုံဖော်ပြရန်)

(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)

(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ( Conceptual Plan) ပူးတွဲပါ(က) အစီအစဉ်ကို မှီငြမ်းတင်ပြနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

( ၀၆၇ - ၇၇၀၅၄ ၊ ၀၆၇ - ၇၇၁၇၆ ၊ ၀၁-၃၈၅၆၄၈ )

၄။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် (၄.၁၂.၂၀၁၅)နေ့မှ စတင်၍ ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်း နှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -294352 , 291994.

**၆၇** ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉-ခုနှစ် ဘွဲ့ရများ၊ ၁၇-ကြိမ်မြောက် တွေ့ဆုံပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉-ခုနှစ်ဘွဲ့ရများ၏ ၁၇-ကြိမ်မြောက်တွေ့ဆုံပွဲ တက္ကသိုလ်ဝင်ရွှေရတု(၁၉၆၅-၂၀၁၅) ကို ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၁၉-ရက် (စနေနေ့) ညနေ ၅-နာရီတွင် ရန်ကုန်မြို့ ၊ အထက်ပန်းဆိုးတန်းလမ်း ၊ Rose Garden Hotel - New Ballroom (7TH Floor) ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ် ၁၉၆၉-ခုနှစ် ဘွဲ့ရများအားလုံး စုံညီစွာ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက အမှုဆောင်များထံ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဦးကြည်စိုး-၀၉ ၅၁၇၅၂၇၀ ၊ ဦးလှတိုး-၀၉ ၅၀၀၀၈၀၁ ၊ ဒေါက်တာစိုးဝင်း-၀၉ ၇၃၁၃၇၀၀
ဦးခင်မောင်ဝေ-၀၉ ၅၀၄၈၈၈၀ ၊ ဦးအေးဇော်-၀၉ ၇၃၀၅၆၉၅၂ ၊
ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)-၀၉ ၉၇၅၅၅၇၇၇၂ ၊ ဦးမြင့်သန်း-၀၉ ၅၀၅၃၂၁၁ ၊ ခင်ဝင်း-၀၉ ၅၁၈၀၇၄၂
ဦးကြည်မြင့်-၀၉ ရ၈၈၉၅၁၂၂၃ ၊ ဦးသန်းထွန်း-၀၉ ၄၄၈၀၀၉၆၃၃ ၊ ဦးမင်းထွန်းရှိန်-၀၉ ၄၃၁၀၆၁၈၁
ဒေါ်ခင်မြသိန်း-၀၁ ၆၅၁၄၁၄ ၊ ဒေါ်ခင်ချိုမြင့်-၀၉ ၉၇၁၀၈၀၀၆၁ ၊ ဒေါ်ကြည်ကြည်ညွန့်-၀၉ ၂၆၄၁၀၉၂၂၄

**ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်**
**၁၉၆၈-၆၉-၇၀ခုနှစ်၊ ဘူမိဗေဒဘွဲ့ရ ကျောင်းသား/သူဟောင်းများ၏**
**(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

ကျင်းပမည့်နေ့ရက် - ၄-၁-၂၀၁၆ရက်(လွှတ်လပ်ရေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀နာရီ
ကျင်းပမည့်နေရာ - NOVOTEL YANGON MAX HOTEL (Pathein Ballroom)
